# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပထမပုံမှန် အစည်းအဝေး

# မှတ်တမ်း

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ထိ)

Shan State Hluttaw

# ရှမ်းပြည်နယ်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **ပထမပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။ | ၁ |
| (၂) | သဘာပတိ တင်မြှောက်ခြင်း။ | ၂ |
| (၃) | သဘာပတိ နေရာယူခြင်း။ | ၃ |
| (၄) | သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃ |
| (၅) | သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၄ |
| (၆) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၆ |
| (၇) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၆ |
| (၈) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၈ |
| (၉) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၈ |
| (၁၀) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။ | ၈ |
| (၁၁) | ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။ | ၁၀ |
| (၁၂) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၁၆ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | (၁၃) ပြည်နယ်လွှတ်တော် သဘာပတိက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း။ | ၁၈ |
| | (၁၄) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၁၉ |
| | (၁၅) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၂၃ |
| ( ခ ) | **ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း** | |
| | (၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၄ |
| | (၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၅ |
| | (၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ | ၂၅ |
| | (၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၅ |
| | (၅) ပြည်ထောင်စုလွှတ်တော် နာယကထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ | ၂၇ |
| | (၆) ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ | ၂၈ |
| | (၇) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ | ၃၁ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၈) | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ | ၃၃ |
| (၉) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ | ၃၆ |
| (၁၀) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ | ၃၈ |
| (၁၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ | ၄၀ |
| (၁၂) | ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ | ၄၁ |
| (၁၃) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ | ၄၄ |
| (၁၄) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ | ၄၆ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**( ဂ) ပထမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

| | | |
|---|---|---|
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၄၇ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၄၈ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ | ၄၈ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၄၈ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ | ၄၉ |
| (၆) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော် ၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ | ၅၁ |
| (၇) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည် ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ | ၅၃ |
| (၈) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော် ၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ | ၅၄ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နား ကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၅၆

**(ဃ) ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၅၈

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၅၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များစိစစ် ရေး ကော်မတီက ခွင့်ပန်ကြားခြင်း။ ၅၉

(၅) ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၁ အရ အဆိုပြုပေးပို့ထားသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ ၆၀

(၆) ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်း နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၁

(၇) "ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ" သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော သူက အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ ၆၂


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၈) | “ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ | ၆၃ |
| (၉) | “ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ | ၆၄ |
| (၁၀) | “ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ | ၆၄ |
| (၁၁) | နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၆၆ |
| (၁၂) | “ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၆၇ |
| (၁၃) | “ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၇၀ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ | ၇၁ |
| **( င )** | **ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း** | |
| | (၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၇၂ |
| | (၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၇၃ |
| | (၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ | ၇၃ |
| | (၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ | ၇၃ |
| | (၅) "ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ" သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက် ခြင်းခံရသော သူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | ၇၅ |
| | (၆) နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော သူက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန များ၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ | ၇၆ |
| | (၇) နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော သူက အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ (က) နှင့်(ခ)တို့အရ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။ | ၇၈ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၈) | ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း တင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ | ၇၉ |
| (၉) | ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆ အရ တင်ပြထားသော ပြည်နယ်ဥပဒေချုပ်အမည်စာရင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ အရ တင်ပြထားသော ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်းတို့အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ | ၈၀ |
| (၁၀) | ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း တင်ပြထားခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ | ၈၁ |
| (၁၁) | နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈(ခ)(၁)အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့် အမည်စာရင်းအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ | ၈၂ |
| (၁၂) | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။ | ၈၃ |
| (၁၃) | ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈(ခ)(၁)အရ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခြင်း။ | ၈၄ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (၁၄) ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်းကြေညာခြင်း။ | ၈၅ |
| | (၁၅) ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း တင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ | ၈၇ |
| | (၁၆) ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ | ၈၉ |
| | (၁၇) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ | ၉၀ |
| | (၁၈) ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ | ၉၁ |
| | (၁၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၉၂ |
| **( စ )** | **ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း** | |
| | (၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၉၄ |
| | (၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာခြင်း။ | ၉၄ |


Shan State Hluttaw

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ | ၉၄ |
| (၄) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ | ၉၅ |
| (၅) | ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခြင်း။ | ၉၆ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၉၈ |
| (၇) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၀၀ |
| **(ဆ)** | **ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၀၂ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၀၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။ | ၁၀၂ |


Shan State Hluttaw

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (၄) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ | ၁၀၃ |
| | (၅) | ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၀၄ |
| | (၆) | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၀၅ |
| | (၇) | ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၀၇ |
| | (၈) | ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၀၉ |
| | (၉) | ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီး ဖြစ်သောသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၁၀ |
| | (၁၀) | ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီး ဖြစ်သောသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ | ၁၁၁ |
| | (၁၁) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁၂ |
| | (၁၂) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၁၅ |
| | (၁၃) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအားရှင်းလင်းတင်ပြခြင်း။ | ၁၁၆ |
| | (၁၄) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။ | ၁၂၁ |
| (၈) | ဆုံးဖြတ်ချက်များ | | ၁၂၂ |

Shan State Hluttaw

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးစိုင်းလုံကျော် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုင်းထွန်းစိန် | ဒုတိယဥက္ကဋ္ဌ |

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

### မဲအများဆုံးရသူအနိုင်ယူစနစ်

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် |
|---|---|---|
| ၁။ | ဦးခွန်ထွန်းဖြူ | ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂။ | ဦးထွန်းလှ(ခ)ဦးတိုးရ | ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃။ | ဦးစိုင်းကျော်ရင် | ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၄။ | ဦးမြင့်ဝင်း | ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၅။ | ဦးကျော်အောင်သန်း | နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၆။ | ဦးညီညီဇော် | သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၇။ | ဦးစိုင်းဟွမ်နွဲ့ | ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၈။ | ဦးရန်အောင် | မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၉။ | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၀။ | ဦးစိုင်းအွန်ခမ်း | တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၁။ | ဦးညွန့်ဝင်း | မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၂။ | ဦးခွန်ကြည် | တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၃။ | ဦးအောင်ကျော်ညွန့် | ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၄။ | ဒေါ်နန်းဆိုင်မွန်း | တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၅။ | ဦးစိုင်းခမ်းကော် | မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၆။ | ဦးဝင်းလှိုင် | ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၇။ | ဦးလင်းအောင်ဆွေ | နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၈။ | ဦးစိုင်းကျော်ဝင်း | မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၉။ | ဦးနော်တောင် | မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၀။ | ဦးခမ်းလူ | မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၁။ | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၂။ | ဦးစောမူးလာ | မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် |
|---|---|---|
| ၂၃။ | ဦးစိုင်းဘွန်းစီ | မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၄။ | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၅။ | ဒေါ်နန်းမွန်းအောင် | ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၆။ | ဦးစိုင်းနော်ခမ်း | မိုင်းရှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၇။ | ဒေါက်တာလဆိုင်း | လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၈။ | ဦးခွန်ဟန်သိန်းဦး | မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၉။ | ဦးစိုင်းကျော်မိုး | မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၀။ | ဦးစိုင်းကျော်ဌေး | လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၁။ | ဒေါ်နန်းမှတ်နွမ်း | မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၂။ | ဒေါ်နန်းအက်(စ်)ကီးမိုး | လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၃။ | ဦးခွန်သက်နိုင် | လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၄။ | ဦးစိုင်းသန်းထွန်း (ခ)ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၅။ | ဦးအာကာလင်း | ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၆။ | ဦးခွန်ညိုမောင် | ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၇။ | ဦးခွန်သန်းထူး | ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၈။ | ဦးခွန်ဖိုးစိန် | ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |

## အချိုးကျကိုယ်စားပြုစနစ်

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုယ်စားလှယ်အမှတ် |
|---|---|---|---|
| ၁။ | ဦးခွန်ထွန်းငယ် | အမှတ်(၁) | ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂။ | ဦးခွန်စနေအောင် | အမှတ်(၁) | ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃။ | ဦးစိုင်းလုံကျော် | အမှတ်(၁) | ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄။ | ဦးခွန်ဆောင်းရွှေ | အမှတ်(၁) | တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅။ | ဦးစိုင်းထိန်စိုး | အမှတ်(၁) | ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၆။ | ဦးလင်းလင်းနိုင် | အမှတ်(၁) | မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၇။ | ဦးစဝ်သာဦး | အမှတ်(၁) | မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၈။ | ဦးကြည်လွင် | အမှတ်(၁) | လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၉။ | ဦးအောင်ပြည့်စုံ | အမှတ်(၁) | ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၀။ | ဦးဟိန်းထက်ဇော် | အမှတ်(၁) | ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၁။ | ဦးဒီဂေါလ် | အမှတ်(၁) | ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၂။ | ဦးခွန်ကျော်အေး | အမှတ်(၁) | ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၃။ | ဦးခွန်ဝင်းနောင် | အမှတ်(၁) | ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၄။ | ဦးမင်းထွန်းအောင် | အမှတ်(၂) | ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၅။ | ဒေါ်ဝါဝါထွေး | အမှတ်(၂) | နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၆။ | ဒေါ်နန်းခမ်းလှူ(ခ) နန်းလှဲ့လှဲ့ဖြိုး | အမှတ်(၂) | မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၇။ | ဒေါ်နန်းသီတာနွယ် | အမှတ်(၂) | ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၈။ | ဦးကျော်ကျော်နိုင် | အမှတ်(၂) | မိုင်းရှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၉။ | ဦးစိုင်းဟောင်ခမ်း | အမှတ်(၂) | မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၀။ | ဦးခွန်ထွန်းလေး | အမှတ်(၂) | လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၁။ | ဦးနိုင်ဝင်းအောင် | အမှတ်(၂) | လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၂။ | ဦးသန်းထိုက်ဇော် | အမှတ်(၃) | ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၃။ | ဦးစိုင်းခမ်း | အမှတ်(၃) | နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၄။ | ဦးသန်းဇော်ဦး | အမှတ်(၃) | နမ္မတူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၅။ | ဦးသီဟလှိုင် | အမှတ်(၃) | သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၆။ | ဒေါ်နန်းခမ်းမန် | အမှတ်(၃) | တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၇။ | ဒေါ်ခိုင်သန္တာထွေး | အမှတ်(၃) | မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုယ်စားလှယ်အမှတ် |
|---|---|---|---|
| ၂၈။ | ဒေါ်နန်းခမ်းလီ | အမှတ်(၃) | မဘိမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၉။ | ဦးစိုင်းခမ်းကျော် | အမှတ်(၃) | မိုးမိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၀။ | ဦးဇော်လွင် | အမှတ်(၃) | နမ့်ဆန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၁။ | ဒေါ်စိုးစိုးငြိမ်း | အမှတ်(၃) | မန်တုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၂။ | ဦးအိုက်ပလိပ် | အမှတ်(၄) | ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၃။ | ဦးစိုင်းနော်ခေး | အမှတ်(၄) | မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၄။ | ဒေါ်မေနှင်းသက် | အမှတ်(၄) | မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၅။ | ဒေါ်နန်းနော် | အမှတ်(၄) | မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၆။ | ဦးထင်အောင်နိုင် | အမှတ်(၄) | မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၇။ | ဦးစိုင်းဝမ်းလှိုင်းတစ်ပ် | အမှတ်(၅) | တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၈။ | ဦးစိုင်းခစ်နွဲ့ | အမှတ်(၅) | မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၉။ | ဦးထွန်းပေါ်သိန်း | အမှတ်(၅) | မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၀။ | ဦးစိုင်းရီတစ် | အမှတ်(၅) | မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၁။ | ဦးငွေးဝင်းလှိုင် | အမှတ်(၆) | ကွတ်ခိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၂။ | ဦးသန်းစိုး | အမှတ်(၆) | နမ့်ခမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၃။ | ဦးကျော်စွာဝင်း(ခ)<br>Mအောင်ဂျာ | အမှတ်(၆) | မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၄။ | ဦးမောင်မောင် | အမှတ်(၆) | ကွမ်းလုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၅။ | ဦးခင်အောင်ဆွေ | အမှတ်(၆) | လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၆။ | ဦးစိုင်းစမ်(ခ)စိုင်းခွန်မောင် | အမှတ်(၆) | သိန္နီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၇။ | ဒေါ်မြမြဆွေ | အမှတ်(၆) | ကုန်းကြမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၈။ | ဦးဟော်ထိုက်ဖူ(ခ)<br>ဦးအောင်ကျော်ထွန်း | အမှတ်(၆) | လောက်ကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၉။ | ဦးနော်အောင် | အမှတ်(၆) | ဟိုပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၀။ | ဦးစိုးကမ္ဘာစိတ် | အမှတ်(၆) | မိုင်းမောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၁။ | ဦးစိုင်းဝင်းမြင့် | အမှတ်(၆) | ပန်ဝိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၂။ | ဦးစိုင်းအောင်မြင့် | အမှတ်(၆) | နားဖန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၃။ | ဦးစိုင်းဘသန်း | အမှတ်(၆) | မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၄။ | ဦးကျော်သိန်းအောင် | အမှတ်(၆) | ပန်ဆန်း(ပန်ခမ်း)မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |

## တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | အမည် | မဲဆန္ဒနယ် |
|---|---|---|
| ၁။ | ဦးကိန်မိုင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၂။ | ဒေါ်အေးချိုစိန် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၃။ | ဒေါ်ခင်ထွေးအောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၄။ | ဦးဝီလ်ဆင်မိုး | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၅။ | ဒေါ်ငွေလှိုင် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၆။ | ဦးထွန်းအောင် | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၇။ | ဒေါ်တင်တင်ရီ | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

# တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
| --- | --- | --- |
| ၁။ | ဗိုလ်မှူးကြီး စိန်ဝင်း | ကြည်း-၂၄၉၇၀ |
| ၂။ | ဗိုလ်မှူးကြီး အောင်မျိုးသန်း | ကြည်း-၂၅၇၅၅ |
| ၃။ | ဒုတိယဗိုလ်မှူးကြီး မြင့်မောင် | ကြည်း-၂၇၄၀၂ |
| ၄။ | ဒုတိယဗိုလ်မှူးကြီး ညီညီတင် | ကြည်း-၃၀၅၄၅ |
| ၅။ | ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော် | ကြည်း-၃၂၃၇၂ |
| ၆။ | ဒုတိယဗိုလ်မှူးကြီး အောင်စိုး | လေ -၂၇၇၁ |
| ၇။ | ဗိုလ်မှူး ကျော်သူဝင်း | ကြည်း-၂၉၁၃၂ |
| ၈။ | ဗိုလ်မှူး လှမိုးသိန်း | ကြည်း-၂၄၀၅၀ |
| ၉။ | ဗိုလ်မှူး ကျော်စိုးလင်း | ကြည်း-၂၅၂၉၇ |
| ၁၀။ | ဗိုလ်မှူး မင်းခေါင် | ကြည်း-၂၈၇၈၃ |
| ၁၁။ | ဗိုလ်မှူး ဇော်ဝင်းဦး | ကြည်း-၃၂၅၇၇ |
| ၁၂။ | ဗိုလ်မှူး အောင်သူရ | ကြည်း-၃၃၄၀၄ |
| ၁၃။ | ဗိုလ်မှူး ဖြိုးသီဟကျော် | ကြည်း-၃၆၄၃၀ |
| ၁၄။ | ဗိုလ်မှူး အောင်ကိုကို | ကြည်း-၃၈၈၁၃ |
| ၁၅။ | ဗိုလ်မှူး ဖြိုးထက်ဦး | ကြည်း-၄၀၄၂၉ |
| ၁၆။ | ဗိုလ်မှူး ဇော်မျိုးဝေ | ကြည်း-၄၂၃၈၁ |
| ၁၇။ | ဗိုလ်မှူး အောင်အောင်မျိုး | ကြည်း-၄၅၄၁၇ |
| ၁၈။ | ဗိုလ်မှူး စိုင်းလောင်မုန်း | ကြည်း-၄၇၁၄၇ |
| ၁၉။ | ဗိုလ်မှူး ဉာဏ်လင်းအောင် | ကြည်း-၄၇၆၁၄ |
| ၂၀။ | ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း | အင်န်- ၈၁၄ |
| ၂၁။ | ဗိုလ်မှူး ဒေါ်ဝေနှင်းအောင် | အင်န်-၈၄၀ |
| ၂၂။ | ဗိုလ်ကြီး တေဇာအောင် | ကြည်း-၃၃၇၃၁ |
| ၂၃။ | ဗိုလ်ကြီး ကျော်ဝင်းလှိုင် | ကြည်း-၃၅၀၇၅ |
| ၂၄။ | ဗိုလ်ကြီး စိုးမင်းဌေး | ကြည်း-၄၂၇၁၅ |
| ၂၅။ | ဗိုလ်ကြီး သော်ဇင်ဝင်း | ကြည်း-၄၉၀၉၈ |
| ၂၆။ | ဗိုလ်ကြီး ညီညီထွန်း | ကြည်း-၄၉၅၀၈ |
| ၂၇။ | ဗိုလ်ကြီး မျိုးမင်းစိုး | ကြည်း-၅၂၀၁၉ |
| ၂၈။ | ဗိုလ်ကြီး ဇေယျာလင်း | ကြည်း-၅၂၅၄၁ |
| ၂၉။ | ဗိုလ်ကြီး ဇင်မင်းထွန်း | ကြည်း-၅၉၂၆၆ |
| ၃၀။ | ဗိုလ်ကြီး ဒေါ်နန်းဟေမာဝေညို | ကြည်း-၆၅၅၈၂ |
| ၃၁။ | ဗိုလ်ကြီး ဒေါ်ပြုံးသိင်္ဂီ | ကြည်း-၆၇၁၇၆ |
| ၃၂။ | ဗိုလ်ကြီး ဒေါ်ဖြိုးသဇင်ကျော် | ကြည်း-၇၂၉၅၁ |
| ၃၃။ | ဗိုလ်ကြီး ဒေါ်မေစစ်သူ | ကြည်း-၇၄၂၉၈ |

# ရှမ်းပြည်နယ်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
## ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
## ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်
## [သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာ ဖြစ်ပါ၍ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(က)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် လွှတ်တော်ရုံးအကြီးအမှူး ကျွန်တော် ဦးလှမျိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

Shan State Hluttaw

## သဘာပတိတင်မြှောက်ခြင်း

**အခမ်းအနားမှူး။** ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆ တို့အရ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမှာ ဖြစ်ပါတယ်။ သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇ အရ သဘာပတိလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။

သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(ခ)အရ အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို အခမ်းအနားမှူး ကျွန်တော့်ထံမှ ပုံစံ(၂)တွင် လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ရမှာ ဖြစ်ပါတယ်။ ယခု အမည်စာရင်း တင်သွင်းလွှာပုံစံများကို အခမ်းအနားမှူး ကျွန်တော့်ထံမှ လာရောက်ထုတ်ယူဖို့ ဖြစ်ပါတယ်။

**(အခမ်းအနားမှူးက ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးပါသည်။)**

**အခမ်းအနားမှူး။** အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသေးလား ခင်ဗျား။

**(၃ ကြိမ်တိုင်တိုင်မေးပါသည်။)**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိလောင်းအမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်မှာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် သဘာပတိလောင်းအဖြစ် အမည်စာရင်း(၁)ဦးသာ တင်သွင်းလာပါတယ်။ တင်သွင်းလာသော သဘာပတိလောင်းအမည်စာရင်းမှာ-

Shan State Hluttaw

၁။ ဦးလင်းအောင်ဆွေ၊ ၁၂/ ဒဂန(နိုင်) ၀၁၆၁၉၆၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တစ်ဦးတည်းသာ ရှိပါသဖြင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(စ)အရ ဦးလင်းအောင်ဆွေအား ရှမ်းပြည်နယ်လွှတ်တော် သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## သဘာပတိနေရာယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ် (၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ သဘာပတိအဖြစ် တင်မြှောက်ခံရတဲ့ ဦးလင်းအောင်ဆွေက သဘာပတိတာဝန် ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာ ဖြစ်ပါတယ်။ သဘာပတိတာဝန် ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များ အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။ သဘာပတိစင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သဘာပတိကကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**အခမ်းအနားမှူး။** အစီအစဉ် (၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က) အရ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါ ကတိသစ္စာပြုတဲ့ သဘာပတိကသာ လိုက်ဆိုရမှာ ဖြစ်ပါတယ်။ ယခု သဘာပတိ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

**(အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေးပြီး သဘာပတိက ကတိသစ္စာပြုပါသည်။)**

Shan State Hluttaw

"ကျွန်ုပ် ဦးလင်းအောင်ဆွေသည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိက ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**(သဘာပတိက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)**

## သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

**အခမ်းအနားမှူး။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုသဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် သဘာပတိအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုလို မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယမှာ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံတော်နှင့် ပြည်သူများရဲ့ အကျိုးစီးပွားကို ဆထက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်လေးစားလိုက်နာပြီး ဒို့တာဝန် အရေး(၃)ပါးနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်း

Shan State Hluttaw

သာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်လို့ ဆန္ဒရှိကြသူများ ဖြစ်ကြတဲ့အပြင် ပြည်သူတွေကလည်း နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးကြဖို့ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံကြရသူများ ဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးဟာ မတူညီတဲ့ သဘောထားအမြင်များရှိကြမှာဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသော ရည်မှန်းချက်များထားရှိပြီး အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ စုဝေးရောက်ရှိနေကြပြီဖြစ်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ဖြင့် အတည်ပြုပြဋ္ဌာန်းထားတဲ့ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ အရ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ သဘာပတိအဖြစ် လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပေးအပ်ထားတဲ့ တာဝန်ကို ဘက်လိုက်မှုကင်းစွာဖြင့် ကျွန်တော်၏ ဘဝသမိုင်းပေးမှတ်တိုင်အဖြစ်ခံယူ၍ အထူးဝမ်းမြောက် ဂုဏ်ယူစွာ ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးဖြင့် နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန် ရည်ရွယ်မျှော်မှန်းပြီး ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ မှန်ကန်စွာ ဆွေးနွေးညှိနှိုင်း သုံးသပ်ဆုံးဖြတ်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**သဘာပတိ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက် အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၃၂)ဦးရှိပြီး အစည်းအဝေးကို (၁၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရာနှုန်းပြည့် တက်ရောက်တဲ့ အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**သဘာပတိ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခုလွှတ်တော် ကိုယ်စားလှယ်များ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာပေါ်ရှိ ကွက်လပ်နေရာ၌ မိမိရဲ့နာမည် ကိုထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။

**(သဘာပတိမှ အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေးပြီး ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကတိသစ္စာပြုပါသည်။)**

Shan State Hluttaw

"ကျွန်ုပ် ------------- သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လေးစားလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန် ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။ "

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု သဘာပတိ ရှေ့မှောက်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားတဲ့ ကတိသစ္စာပြုလွှာပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အမှတ်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိရဲ့အမည်၊ ပြန်တမ်းဝင် အမှတ်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးနိုင်ကြပါပြီ။

**(ပြည်နယ်လွှတ်ကိုယ်စားလှယ်များက ၎င်းတို့ ထိုင်ခုံနေရာ၌ ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လက်မှတ်ရေးထိုးပြီးတဲ့ ကတိသစ္စာ ပြုလွှာများကို ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေးရပ်နားချိန်မှာ ဝင်ရောက် သိမ်းယူကြမှာဖြစ်တဲ့အတွက် ကတိသစ္စာပြုလွှာများကို မိမိတို့၏ စားပွဲပေါ်မှာ ထားခဲ့ကြရန် ဖြစ်ပါတယ်။

Shan State Hluttaw

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**သဘာပတိ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦး ရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**( ၃ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာအပ် ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**သဘာပတိ။** အစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။

**သဘာပတိ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များထဲက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတစ်ဦးစီကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄ အရ ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ တစ်ဦး ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါ တယ်။

Shan State Hluttaw

ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆ အရ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာ ပုံစံများကို အခမ်းအနားမှူးထံမှာ ထုတ်ယူဖို့ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** အမည်စာရင်း တင်သွင်းလွှာ ပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ ဖြစ်ပါတယ်။

**(အခမ်းအနားမှူးက ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးပါသည်။)**

**သဘာပတိ။** အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသေးသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ )**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်မှာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၁)စောင် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း (၁)ဦးတည်းသာ တင်သွင်းလာပါတယ်။ တင်သွင်းလာသော ဥက္ကဋ္ဌလောင်း အမည်စာရင်းမှာ -

၁။ ဦးစိုင်းလုံကျော်၊ ၁၃/ တကန(နိုင်) ၀၁၅၂၈၃၊ ဖယ်ခုံမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဖြစ်ပါတယ်။

Shan State Hluttaw

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံကျော်၊ ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) တစ်ဦးသာ ရှိပါသဖြင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ အရ ဦးစိုင်းလုံကျော်အား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။

**သဘာပတိ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတစ်ဦး ရွေးကောက်တင်မြှောက်ပြီး ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးအား ဆက်လက်ရွေးကောက် တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူ ကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှာ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** အမည်စာရင်း တင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ ဖြစ်ပါတယ်။

**(အခမ်းအနားမှူးက ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးပါသည်။)**

**သဘာပတိ။** အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသေးလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ )**

Shan State Hluttaw

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်မှာ (၂)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၂)စောင် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌလောင်းများအဖြစ် စုစုပေါင်း(၂)ဦး အမည်စာရင်း တင်သွင်းလာပါတယ်။ တင်သွင်းလာသော ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းမှာ-

၁။ ဦးစိုင်းထွန်းစိန် (၁၃/ မပတ(နိုင်) ၀၀၁၀၆၇၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊

၂။ ဦးစဝ်သာဦး (၁၃/ တကန(နိုင်) ၀၁၈၈၉၇၊ မိုင်းပန်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခဲ့ရာတွင် အမည်စာရင်းမှာ တစ်ဦးထက်ပိုနေပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၇ အရ ဒုတိယဥက္ကဋ္ဌ တစ်ဦး ရွေးကောက်တင်မြှောက်ရန်အတွက် နည်းဥပဒေ ၁၈ အရ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသွားရမှာ ဖြစ်ပါတယ်။ အခမ်းအနားမှူးက လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်အား ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** သဘာပတိ၏ တာဝန်ပေးအပ်မှုအရ ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်နိုင်ရန်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်အား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

နည်းဥပဒေ ၂၇ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင်-

(က) နည်းဥပဒေ ၁၆ မှ ၂၆ အထိ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

( ခ) ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပုံစံ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈ - က)၊ (၈- ခ)နှင့် (၉)တို့ကို အသုံးပြုရမည်။

Shan State Hluttaw

ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇ အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ ဥက္ကဋ္ဌရွေးကောက် တင်မြှောက်ရာတွင် ဆောင်ရွက်သည့် နည်းဥပဒေများပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက် သွားရမှာ ဖြစ်ပါတယ် ခင်ဗျား။ အဆိုပါ နည်းဥပဒေများကို ပါဝါပွိုင့်ဖြင့် တင်ပြထားပါတယ် ခင်ဗျား။

**သဘာပတိ။** ပထမဦးစွာ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ခ)အရ ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်တဲ့ ကြီးကြပ်သူအရာရှိနှင့် အထောက်အကူပြုဝန်ထမ်းအဖွဲ့ကို လွှတ်တော်ရုံး ဝန်ထမ်း (၆)ဦးဖြင့် ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဃ)အရ ကြီးကြပ်သူအရာရှိမှ လက်မှတ် ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄)များအား ရေတွက်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ကြီးကြပ်သူအရာရှိ။** ဆန္ဒမဲလက်မှတ်ပုံစံ(၄)များအား ရေတွက်သွားမှာ ဖြစ်ပါတယ်ရှင်။ ဆန္ဒမဲလက်မှတ်ပုံစံ(၄) စုစုပေါင်း(၁၄၅)စောင် ဖြစ်ပါတယ်ရှင်။

**(ကြီးကြပ်သူအရာရှိက ၎င်းလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄)များကို သဘာပတိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၅)တွင် ဖြည့်သွင်းပြီး အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ တင်ပြပါသည်။)**

**သဘာပတိ။** ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း အတွက် ဆန္ဒမဲပေးပွဲ၌ အသုံးပြုရန် ကြီးကြပ်သူအရာရှိက ယူဆောင်လာသော ဆန္ဒမဲ အရေအတွက်မှာ (၁၄၅)စောင်တိတိ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ယနေ့အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦး ဖြစ်တဲ့အတွက် ဆန္ဒမဲလက်မှတ်အပို (၁၃)စောင်အား သဘာပတိ ကျွန်တော့်ထံမှာ ထားရှိမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(င)အရ ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှ မရှိကြောင်း တာဝန်ရှိဝန်ထမ်း နှစ်ဦးက ပြသသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှု အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲလက်မှတ်ပုံစံ(၄)အား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် ဝန်ထမ်းများထံမှ လာရောက်ထုတ်ယူရမှာဖြစ်ပြီး ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုး၍ လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြုပြီး မဲပေးခြင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အခမ်းအနားမှူးက လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၃ အရ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးရမှာဖြစ်တဲ့အတွက် ပထမဦးစွာ သဘာပတိတာဝန်ထမ်းဆောင်နေသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၁)က ဆန္ဒမဲပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မဲအများဆုံးရသူ အနိုင်ယူစနစ်အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များအား ခရိုင်/ မြို့နယ် အက္ခရာစဉ်အလိုက် ခေါ်ယူသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး အချိုးကျကိုယ်စားပြုစနစ်အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များအား ခရိုင်/ မြို့နယ် အက္ခရာစဉ်အလိုက် ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအား ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

**သဘာပတိ။** လျှို့ဝှက်ဆန္ဒမဲပေးရန် လွှတ်တော်ကိုယ်စားလှယ်များ ကျန်ရှိပါသေးလားခင်ဗျား။

**(၃ကြိမ်တိုင်တိုင်မေးမြန်းပါသည်။)**

လျှို့ဝှက်ဆန္ဒမဲပေးရန် လွှတ်တော်ကိုယ်စားလှယ်များ ကျန်ရှိခြင်းမရှိတဲ့အတွက် ဆက်လက်ပြီး ဆန္ဒမဲပုံးဖွင့်လှစ်ခြင်း ဆောင်ရွက်သွားပါမယ်။ ဆန္ဒမဲပုံးများ ဖွင့်လှစ်ခြင်းမပြုမီ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၊ နည်းဥဒေခွဲ(ဇ)၊ နည်းဥပဒေခွဲငယ်(၁)အရ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်များ ရှိ/ မရှိကို ကြီးကြပ်သူအရာရှိက လိုက်လံစစ်ဆေးဖို့ ဖြစ်ပါတယ်။

ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ် မတွေ့ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကြီးကြပ်သူအရာရှိနှင့် တာဝန်ရှိ ဝန်ထမ်းအဖွဲ့က ဆန္ဒမဲပုံးများအတွင်းမှ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူ၍ သတ်မှတ်နေရာတွင် နေရာယူပြီး မဲရေတွက်ခြင်း ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**ကြီးကြပ်သူအရာရှိ။** ဆန္ဒမဲပုံးများအတွင်းမှ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ရွေးချယ်ခြင်းခံရသော ဆန္ဒမဲလက်မှတ် စုစုပေါင်းအရေအတွက်ကို ရေတွက်သွားမှာဖြစ်ပါတယ်ရှင်။

ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် စုစုပေါင်းမှာ (၁၃၂)စောင် ဖြစ်ပါတယ်ရှင်။

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းအတွက် လျှို့ဝှက်ဆန္ဒမဲပေးခြင်း ပြုလုပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ပုံစံ(၆)တွင် လက်မှတ်ရေးထိုး ထုတ်ယူသွားသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ (၁၃၂)စောင်ဖြစ်ပါတယ်။ ယခုဆန္ဒမဲပုံးထဲမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ (၁၃၂) စောင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မဲများတူညီပါသဖြင့် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ(ဇ)၊ နည်းဥပဒေခွဲငယ်(၃)အရ **“ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း”** ကြေညာအပ်ပါတယ် ခင်ဗျား။

Shan State Hluttaw

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိသော ဆန္ဒမဲလက်မှတ်များအား ဆက်လက်ရေတွက်သွားမှာ ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခံရသော ပါတီများမှ ကိုယ်စားလှယ်တစ်ဦးစီ မဲရေတွက်ရာနေရာသို့ လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါတယ်။

**( ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီများမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦး မဲရေတွက်သည့် နေရာတွင် လာရောက်ကြည့်ရှုပါသည်။ )**

ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိတဲ့ မဲအရေအတွက်ကို ဆက်လက်ရေတွက်ဖို့ ဖြစ်ပါတယ်။

**ကြီးကြပ်သူအရာရှိ။** ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းများကို ခွဲခြားရေတွက်သွားပါမှာ ဖြစ်ပါတယ်ရှင်။

**(ဒုတိယဥက္ကဋ္ဌလောင်းများဖြစ်သည့် ဦးစိုင်းထွန်းစိန်နှင့် ဦးစဝ်သာဦးတို့၏ ဆန္ဒမဲလက်မှတ်များအား ခွဲခြားပါသည်။)**

**သဘာပတိ။** ဆန္ဒမဲလက်မှတ်ရေတွက်ရာတွင် ကြီးကြပ်သူအရာရှိက တင်ပြလာသည့် ပုံစံ(၈-က)အရ ပယ်မဲ မရှိကြောင်း ကြေညာအပ်ပါတယ်။

ယခုဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိတဲ့ မဲအရေအတွက်ကို ဆက်လက်ရေတွက်ဖို့ ဖြစ်ပါတယ်။

**ကြီးကြပ်သူအရာရှိ။** ယခုဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိတဲ့ ဆန္ဒမဲလက်မှတ်များကို ရေတွက်သွားမှာဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ဦးစိုင်းထွန်းစိန် ရရှိသော ဆန္ဒမဲ လက်မှတ်အရေအတွက်ကို ရေတွက်သွားမှာ ဖြစ်ပါတယ်။ ဦးစိုင်းထွန်းစိန် ရရှိသော ဆန္ဒမဲ လက်မှတ်အရေအတွက်မှာ (၁၀၂)စောင် ဖြစ်ပါတယ်ရှင်။

ဆက်လက်ပြီး ဦးစဝ်သာဦး ရရှိသော ဆန္ဒမဲလက်မှတ်များကို ရေတွက်သွားမှာ ဖြစ်ပါတယ်ရှင်။ ဦးစဝ်သာဦး ရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ စုစုပေါင်း (၃၀)စောင် ဖြစ်ပါတယ်ရှင်။

Shan State Hluttaw

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ ဒုတိယဥက္ကဋ္ဌလောင်းများ၏ ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် စာရင်းအရ အောက်ပါအတိုင်းရရှိကြောင်း ကြေညာအပ်ပါတယ်-

၁။ ဦးစိုင်းထွန်းစိန် (၁၃/ မပတ(နိုင်) ၀၀၁၀၆၇၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ (၁၀၂)မဲ

၂။ ဦးစဝ်သာဦး (၁၃/ တကန(နိုင်) ၀၁၈၈၉၇၊ မိုင်းပန်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) (၃၀)မဲ

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခဲ့မှုအရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ထောက်ခံဆန္ဒမဲ (၁၀၂)မဲဖြင့် အများဆုံး ရရှိခဲ့သည့်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(က)အရ ဦးစိုင်းထွန်းစိန်အား ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**သဘာပတိ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

ယခု ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**(အစည်းအဝေးခန်းမ စင်မြင့်ရှေ့တွင် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့ကတိသစ္စာပြုပါသည်။)**

Shan State Hluttaw

ယခု ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါမှာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မိမိအမည်ကို ထည့်သွင်း ရွတ်ဆိုရန် ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ် ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

**(သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေးပြီး ဥက္ကဋ္ဌက ကတိသစ္စာပြု ပါသည်။)**

"ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးစိုင်းလုံကျော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**သဘာပတိ။** ဆက်လက်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

**(သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေးပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြု ပါသည်။)**

"ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ် ဦးစိုင်းထွန်းစိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန် ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင် မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ စင်မြင့်ပေါ်ရှိ သတ်မှတ်ထားသည့် နေရာသို့ တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**(စင်မြင့်ထက်ရှိ သဘာပတိ၏ လက်ယာဘက် စားပွဲပေါ်တွင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ ကတိသစ္စာပြုလက်မှတ်ရေးထိုးပါသည်။)**

**အခမ်းအနားမှူး ။** ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြု လက်မှတ်ရေးထိုးပြီး ဖြစ်ပါ၍ သတ်မှတ်နေရာသို့ ပြန်လည်ကြွရောက်ပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း။

**သဘာပတိ။** အစီအစဉ် (၁၃) ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၉ အရ သဘာပတိဖြစ်သူ ကျွန်တော်က ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တာဝန်လွှဲအပ်ပေးသွားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ် လွှတ်တော် သဘာပတိက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ယခု သဘာပတိက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်နိုင်ရန်အတွက် သဘာပတိနှင့် ဥက္ကဋ္ဌတို့က တာဝန်လွှဲအပ်မည့်နေရာသို့ ကြွရောက်ပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**(သဘာပတိက စင်မြင့်ထက်ရှိ သဘာပတိစားပွဲ၏ ရှေ့တည့်တည့်၌ ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် စင်မြင့်ပေါ်ရှိ ဥက္ကဋ္ဌအတွက် သတ်မှတ် ထားသည့် နေရာတွင် နေရာယူပြီး သဘာပတိက အစည်းအဝေးခန်းမအတွင်းရှိ မိမိထိုင်ခုံ နေရာသို့ ပြန်လည်နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

Shan State Hluttaw

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

**အခမ်းအနားမှူး။** အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကား ပြောကြားပေးနိုင်ပါရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ နှစ်ဖြာသော သုခ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက ကျွန်တော့်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ယုံကြည်စွာ တာဝန်အပ်နှင်းမှုအပေါ်မှာ အလေးအနက်ခံယူပြီးတော့ ဒီတာဝန်ကို ကျေပွန်စေဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနဲ့အညီ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း အလေးအနက်ထား ကတိပြုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနဲ့ ဒီမိုကရေစီကျင့်စဉ်အတိုင်း တက်ညီလက်ညီ ဝိုင်းဝန်းဖော်ဆောင်သွားကြစေလိုပါတယ်။ ဒါ့အပြင် သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန် အလှန်ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အားလုံးနဲ့အတူ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တစ်ခု တစ်နည်းပြောရရင် ပိုမိုခိုင်မာတဲ့ ပြည်မြန်မာကြီးကို ဖော်ဆောင်ပေးနိုင်မယ်လို့ အလေးအနက်ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူများက ယုံကြည်အားကိုးတဲ့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်တဲ့အားလျော်စွာ ပြည်သူများအတွက် ကျွန်တော်တို့မှာ ပြည်သူ့ကိုယ်စား ပြည်သူတွေအတွက် ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ခြင်းခံရပြီး လွှတ်တော်အတွင်း တာဝန်များနှင့် အတူ လွှတ်တော်ပြင်ပလုပ်ငန်းများကိုလည်း စတင်တာဝန်ထမ်းဆောင်ရတော့မှာ ဖြစ်ပါ တယ်။

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ရှမ်းပြည်နယ်အတွင်းက ဒေသအသီးသီး၊ အလွှာအသီးသီးကနေရှိကြတဲ့ အဖွဲ့အစည်းအသီးသီးဖြစ်ကြတဲ့ ကိုယ်စားလှယ်တွေဖြစ်ကြပါတယ်။ တိုင်းရင်းသားပေါင်းစုံပါဝင်လျက်ရှိတဲ့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနေ ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့ လွှတ်တော်ဖြစ်တာကြောင့် ပြည်ထောင်စုစိတ်ဓာတ်နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဟာ ဥပဒေနဲ့အညီ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ လွှတ်တော်ဖြစ်တဲ့အတွက် ထူးခြားစွာပေါ်ပေါက်လာတဲ့ လွှတ်တော်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ တာဝန်များကိုထမ်းဆောင်ရာမှာ တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင်၊ ရင်းနှီးဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့အေးချမ်းသာယာစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကောင်းမွန်တဲ့ သမိုင်းသစ်ကို ရေးကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်ကြရာမှာ ပါတီအရောင်အသွေး မခွဲခြားဘဲ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူဝါဒစွဲစတဲ့ အစွန်းတရားတွေကို ရှောင်ရှားပြီး ယဉ်ယဉ်ကျေးကျေး ညီညီညွတ်ညွတ် ချစ်ခင်ရင်းနှီးစွာဖြင့် အချင်းချင်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာ မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့အနက် ဥပဒေပြုရေးမဏ္ဍိုင်ဟာ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။

ဒါ့အပြင် မဏ္ဍိုင်(၃)ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အပြန်အလှန်ထိန်းကျောင်းခြင်းပြုရမှာဖြစ်ပြီး ပြည်သူကိုလည်းကိုယ်စားပြုခြင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများက ယုံကြည်စွာ ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူများနဲ့ထိတွေ့ဆွေးနွေးပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေကို ပြည်သူ့ကိုယ်စား ဖော်ဆောင်ပေးနိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သလို ကျွန်တော်တို့ နိုင်ငံတော်နဲ့ ပြည်သူ့ကောင်းကျိုးအတွက် လွှတ်တော်မှာ ဆောင်ရွက်ချက်များကိုလည်း ပြည်သူများသိရှိစေရန် ပြန်လည်မျှဝေပေးရမှာကလည်း ကျွန်တော်တို့ရဲ့ လွှတ်တော်

Shan State Hluttaw

ကိုယ်စားလှယ်များရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့အတွက် ကိုယ်စားလှယ်တွေရဲ့အရည်အချင်း တိုးတက်မြင့်မားစေဖို့ စဉ်ဆက်မပြတ် လေ့လာနေဖို့လည်း လိုအပ်နေမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိမိတို့လွှတ်တော်ဟာ ဥပဒေပြုရေး မဏ္ဍိုင်ကို ကျင့်သုံးဆောင်ရွက်ရန် အဓိကတာဝန်ရှိတဲ့အားလျော်စွာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ဇယား(၂)မှာ ဖော်ပြထားတဲ့ ဥပဒေပြုရေးစာရင်းပါ ကိစ္စရပ်များကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရာမှာ ပုဂ္ဂလိက ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွားထက် နိုင်ငံတော်အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်၊ ပြည်သူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေ ရေးဆွဲတင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်ကြရမှာဖြစ်သလို ခေတ်စနစ်နဲ့မကိုက်ညီတော့တဲ့ ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ကြတဲ့နေရာမှာ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပန်းဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

ဥပဒေများကို လွှတ်တော်ကအတည်ပြုပြီးပါက အကောင်အထည်ဖော်နိုင်မဲ့ ဌာန၊ အဖွဲ့အစည်းများအနေနဲ့လည်း အတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေများ အသက်ဝင်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော်နိုင်မှု ပိုမိုအားကောင်းလာစေရန် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီးသည့် ဥပဒေများဟာ အသက်ဝင်မှု ရှိ/ မရှိ၊ ပြည်သူများအပေါ်မှာ အကျိုးသက်ရောက်မှု ရှိ/ မရှိ၊ ပြည်သူလူထု အမှန်တကယ် လိုက်နာကျင့်သုံးမှု ရှိ/ မရှိ၊ ပြည်သူတွေကို အမှန်တကယ် အကာအကွယ်ပေးနိုင်တဲ့ ဥပဒေ ဟုတ်/ မဟုတ် လေ့လာသုံးသပ်ခြင်း၊ ဥပဒေ၏ အနှစ်သာရပိုင်း၊ ဥပဒေရေးထုံးအပိုင်း၊ ဖွဲ့စည်းပုံအခြေခံ အပါအဝင် တည်ဆဲဥပဒေနှင့် ညီညွတ်မှု ရှိ/ မရှိကို စိစစ်ပြီး ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ယခုကျင်းပနေတဲ့အစည်းအဝေးဟာ ရှမ်းပြည်နယ်မှာ ကျင်းပတဲ့အစည်းအဝေးများအနက် အမြင့်ဆုံးအစည်းအဝေး ဖြစ်ပါတယ်။ ထို့အတူ ပြည်သူများကနေပြီးတော့ ယုံကြည်ရွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ကို ရွေးချယ်ပေးထားတဲ့ မဲဆန္ဒနယ်များကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြောအဆို၊

Shan State Hluttaw

အပြုအမူ၊ အနေအထိုင်တို့ကို မိမိတို့အဆင့်အတန်းနှင့်လျော်ညီစွာ ပြုမူပြောဆိုကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ တာဝန်ဝတ္တရားများကို ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခဲ့တဲ့အတိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကျေညက်အောင်လေ့လာပြီး လေးစားလိုက်နာရမှာ ဖြစ်သလို ကျွန်တော်တို့ လွှတ်တော်က သတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့အားလုံးဟာ ရှမ်းပြည်နယ်မှာ နေထိုင်ကြပြီးတော့ ပြည်သူများရဲ့ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ကြဖို့ ပြည်သူတို့တွေရဲ့ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးနိုင်ဖို့ တူညီတဲ့ရည်မှန်းချက်ဖြင့် လွှတ်တော်ကို စုဝေး ရောက်ရှိလာကြတဲ့အတွက် ကျွန်တော်တို့ဟာ အပြန်အလှန်နားလည်မှုတည်ဆောက်ကြပြီး ဒီမိုကရေစီကျင့်စဉ် ရှင်သန်ခိုင်မာလာအောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥက္ကဋ္ဌတာဝန်ကို ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရတဲ့ အတွက် တာဝန်ကို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် အတတ်နိုင်ဆုံး ကြိုးစားထမ်းဆောင်သွားပါ မယ်။ လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဂတိ ကင်းရှင်းစွာဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ နိုင်ငံသူ နိုင်ငံသားများရဲ့ အကျိုးကို ရှေးရှု ဆောင်ရွက်သွားပါမယ်။ သဘာပတိကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ကတိသစ္စာပြုထားတဲ့အတိုင်းဥပဒေများကို လေးစားလိုက်နာပြီး၊ သမာသမတ်ကျစွာဖြင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ပါမယ်ဟု ဆန္ဒပြုပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီး တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆွေးနွေး ဆောင်ရွက်သွားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

Shan State Hluttaw

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ တတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အချိန်မီဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို နေ့လယ် ၁၂း၅၀ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

## ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်

## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

Shan State Hluttaw

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၆.၉၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် **ပထမ**ပုံမှန်အစည်းအဝေး **(ဒုတိယနေ့)**အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျွန်တော် ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၄) ဗိုလ်ကြီးတေဇာအောင် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

Shan State Hluttaw

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက် အားလုံးကို ခွင့်ပြုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုလွှတ်တော် နာယကထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပြည်ထောင်စုလွှတ်တော်၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲပါ စာအမှတ်၊ ၂/ ၄/ ၉(၁၃)/ ပထစ - ၂၀၂၆ ဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့လာပါတယ်။ သဝဏ်လွှာ အပြည့်အစုံမှာ -

အကြောင်းအရာ ။ **ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခြင်း**

၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

Shan State Hluttaw

၂။ အဆိုပါအစည်းအဝေး၌ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံကျော်၊ ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

အောင်လင်းဒွေး၊ နာယက၊ ပြည်ထောင်စုလွှတ်တော်ဟု ဖော်ပြပါရှိပါတယ်။ ယင်းသဝဏ်လွှာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်း ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

### ကော်မတီ၏သက်တမ်း

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

Shan State Hluttaw

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာအောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်နယ်လွှတ်တော်မှ အတည်ပြုမည့် ဥပဒေကြမ်းများအား ဥပဒေအင်္ဂါရပ်နှင့် ညီညွတ်မှု ရှိ / မရှိ၊ ပြည့်စုံလုံလောက်မှု ရှိ/ မရှိ လေ့လာသုံးသပ်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ အကြံပြုရန်။

( ခ) အတည်ပြုသည့် ဥပဒေသည် ပြည်သူများနှင့် ဌာနအဖွဲ့အစည်းများအတွက် အမှန်တကယ် လိုက်နာနိုင်သည့် ဥပဒေ ဖြစ်/ မဖြစ် စိစစ်ရန်။

( ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ စာရင်းမှ အများပြည်သူအတွက်လိုအပ်မည့် ဥပဒေကြမ်းများရေးဆွဲပြဋ္ဌာန်း နိုင်ရေး အကြံပြုရန်၊

(ဃ) ပြည်နယ်အတွက် လက်ရှိတည်ဆဲဥပဒေများထဲမှ ဖြည့်စွက်၊ ပြုပြင်၊ ပယ်ဖျက် သင့်သည့် အကြောင်းအရာများ၊ ပုဒ်မများနှင့် စပ်လျဉ်း၍ အကြံပြုရန်။

၃။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံပြီး စိစစ်ရန်-

(က) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

( ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

( ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ် စောင့်ရှောက်နိုင်ရေးကို ဦးတည်ခြင်း ရှိ/မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ/မရှိ၊

( င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊

( စ) အများပြည်သူ၏ လုံခြုံရေးနှင့် စက်ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ/ မရှိ စိစစ်ရန်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင်

Shan State Hluttaw

ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ဃ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၆။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်သော်လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

Shan State Hluttaw

(ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ "လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသောအခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန် ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူ ရမည်ဟူ၍လည်းကောင်း၊ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန် ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်"ဟူ၍လည်းကောင်း ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ အသီးသီးပြဋ္ဌာန်းထား ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

Shan State Hluttaw

(၁၁)ဦး၊ ဥပဒေပညာရှင် (၁)ဦး၊ စုစုပေါင်း (၁၂)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့တင်ပြပါတယ် -

| စဉ် | အမည် | မဲဆန္ဒနယ် / ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးဒီဂေါလ် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်စနေအောင် | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဒေါ်နန်းခမ်းလူ(ခ) ဒေါ်နန်းလဲ့လဲ့ဖြိုး | မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးအောင်ပြည့်စုံ | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းအွန်ခမ်း | တာချီလိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဒေါ်ခိုင်သန္တာထွေး | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးမြင့်ဝင်း | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းအောင်မြင့် | နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး အောင်စိုး | လေ - ၂၇၇၁ | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူး ဖြိုးသီဟကျော် | ကြည်း - ၃၆၄၃၀ | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ဥပဒေ အရာရှိ | ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |

သို့ဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန် လျာထားသော ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက် (တနင်္လာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြား ရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြ ပေးသွားမှာဖြစ်ပါတယ်။

### ကော်မတီ၏သက်တမ်း

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေး အပ်နိုင်သည်။

Shan State Hluttaw

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှမ်းပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် တိုင်းရင်းသားလူမျိုးများ၏အရေးကို လိုအပ်သည့်အခါ စနစ်တကျနှင့် ပြည့်စုံမှန်ကန်စွာ လေ့လာတင်ပြနိုင်ရမည်။

(ခ) ပြည်နယ်လွှတ်တော်သို့ တိုင်းရင်းသားလူမျိုးများရေးရာနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ အရ လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃၊ ၆၄ အရ လည်းကောင်း လိုက်နာဆောင်ရွက်တင်ပြရမည်။

(ဃ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

(င) ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် တိုင်းရင်းသားလူမျိုးများအရေးတွင် အကျိုးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

( ခ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

( ဂ) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ဃ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကြောင်းအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီ၏ ရပိုင်ခွင့်

၄။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ခံစားခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

( ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်တင်ပြချက် မရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

Shan State Hluttaw

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့တင်ပြပါတယ် -

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခွန်ဟန်သိန်းဦး | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းခမ်းကျော် | မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းကျော်ဝင်း | မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းနော်ခမ်း | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးကျော်ကျော်နိုင် | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဒေါ်နန်းမွန်းအောင် | ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၈) | ဦးခွန်ဝင်းနောင် | ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၉) | ဦးရန်အောင် | မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၁၀) | ဦးနော်အောင် | ဟိုပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၁) | ဦးစိုင်းဘသန်း | မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်အောင်သန်း | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၁၃) | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူး ဉာဏ်လင်းအောင် | ကြည်း - ၄၇၆၁၄ | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်ကြီး နန်းဟေမာဝေညို | ကြည်း - ၆၅၅၈၂ | အဖွဲ့ဝင် |

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းခမ်းကျော်၊ မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန်လျာထားသော တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ မတ် ၃၀ ရက် (တနင်္လာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

Shan State Hluttaw

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန် ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များ အား စိစစ်ခြင်း၊

(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဝင်များအား စိစစ်ခြင်း၊

(ဂ) ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းအား စိစစ်ခြင်း၊

(ဃ) လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှ ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

Shan State Hluttaw

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်း တွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြု ထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ် များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ရပ်ရပ်၏ အဖွဲ့ဝင်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ် နိုင်သည်။

(ဂ) ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြနိုင်သည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့် များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကို လည်း ခံစားခွင့်ရှိသည်။

Shan State Hluttaw

(ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။

(ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက် ရောက်ခွင့်ရှိသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်ရန် လျာထားပါကြောင်းလွှတ်တော်သို့ တင်ပြပါတယ် -

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခင်အောင်ဆွေ | လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးစောမူးလာ | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်ထွန်းငယ် | ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၄) | ဦးလင်းအောင်ဆွေ | နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးသန်းဇော်ဦး | နမ္မတူမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဗိုလ်ကြီး မျိုးမင်းစိုး | ကြည်း - ၅၂၀၁၉ | အဖွဲ့ဝင် |

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန်လျာထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်(တနင်္လာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ် လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံခညောင်းကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

Shan State Hluttaw

ပထမပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြပေးသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီသည်-

(၁) ပြည်နယ်အစိုးရ၏ အသုံးစာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ခွင့်ပြုငွေသည် ပြည်နယ်လွှတ်တော်က ခွင့်ပြုထားသောငွေကို သတ်မှတ်သည့် ကိစ္စအတွက်သာလျှင် သုံးစွဲခြင်း ရှိ/မရှိ၊ စည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိ၊ ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်စွာ သုံးစွဲခြင်း ရှိ/မရှိတို့ကို စိစစ်ရမည်။

(၂) ပြည်နယ်လွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခြင်း ရှိ/မရှိ စစ်ဆေးရမည်။ စစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၃) ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(၄) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန် လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(၅) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

Shan State Hluttaw

(ခ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၃။ ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၄။ ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၅။ ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၆။ ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက် ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီး သွားရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကို လည်း ခံစားခွင့်ရှိသည်။

Shan State Hluttaw

၇။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ) ကော်မတီအစည်းအဝေးများတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက် ရောက်ခွင့်ရှိသည်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂အရ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ ၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးဖြင့် ဖွဲ့စည်း ဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ် -

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးအောင်ကျော်ညွန့် | ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးထင်အောင်နိုင် | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးခွန်ဆောင်းရွှေ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၄) | ဦးဝင်းလှိုင် | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးကြည်လွင် | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးလင်းလင်းနိုင် | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းခမ်းမန် | တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းခမ်းကော် | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဒေါ်နန်းခမ်းလီ | မဘိမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး မြင့်မောင် | ကြည်း - ၂၇၄၀၂ | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်ကြီး ဇေယျာလင်း | ကြည်း - ၅၂၅၄၁ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန် လျာထားသော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက် (တနင်္လာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ (တနင်္လာနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နံနက်(၁၀း၄၅)အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# (တတိယနေ့)မှတ်တမ်း
# ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
# ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်
# [ တနင်္လာနေ့ ]

Shan State Hluttaw

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနား မှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၁၀၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

Shan State Hluttaw

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အမည်စာရင်းတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးဒီဂေါလ် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်စနေအောင် | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၄) | ဒေါ်နန်းခမ်းလူ(ခ) နန်းလဲ့လဲ့ဖြိုး | မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးအောင်ပြည့်စုံ | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းအွန်ခမ်း | တာချီလိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဒေါ်ခိုင်သန္တာထွေး | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးမြင့်ဝင်း | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းအောင်မြင့် | နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး အောင်စိုး | လေ-၂၇၇၁ | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူး ဖြိုးသီဟကျော် | ကြည်း-၃၆၄၃၀ | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ဥပဒေ အရာရှိ | ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

Shan State Hluttaw

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အမည်စာရင်းတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးပို့လာခြင်းမရှိသည့် အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာ ဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခွန်ဟန်သိန်းဦး | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းခမ်းကျော် | မိုးမိတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းကျော်ဝင်း | မိုးနဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းနော်ခမ်း | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးကျော်ကျော်နိုင် | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၆) | ဒေါ်နန်းမွန်းအောင် | ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၈) | ဦးခွန်ဝင်းနောင် | ပင်လောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၉) | ဦးရန်အောင် | မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၁၀) | ဦးနော်အောင် | ဟိုပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၁) | ဦးစိုင်းဘသန်း | မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်အောင်သန်း | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၁၃) | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | လောက်ကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူး ဉာဏ်လင်းအောင် | ကြည်း-၄၇၆၁၄ | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်ကြီး နန်းဟေမာဝေညို | ကြည်း-၆၅၅၈၂ | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် တို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

Shan State Hluttaw

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်နေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် ကော်မတီတွင်ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အမည်စာရင်းတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာ ဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခင်အောင်ဆွေ | လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးစောမူးလာ | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်ထွန်းငယ် | ကလောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးလင်းအောင်ဆွေ | နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးသန်းဇော်ဦး | နမ္မတူမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဗိုလ်ကြီး မျိုးမင်းစိုး | ကြည်း-၅၂၀၁၉ | အဖွဲ့ဝင် |

Shan State Hluttaw

တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် ကော်မတီတွင်ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အမည်စာရင်းတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိသည့်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
| --- | --- | --- | --- |
| (၁) | ဦးအောင်ကျော်ညွန့် | ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးထင်အောင်နိုင် | မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၃) | ဦးခွန်ဆောင်းရွှေ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးဝင်းလှိုင် | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးကြည်လွင် | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးလင်းလင်းနိုင် | မောက်မယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဒေါ်နန်းခမ်းမန် | တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းခမ်းကော် | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဒေါ်နန်းခမ်းလီ | မဘိမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး မြင့်မောင် | ကြည်း- ၂၇၄၀၂ | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်ကြီး ဇေယျာလင်း | ကြည်း- ၅၂၅၄၁ | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အချိန်မီဆက်သွယ် အကြောင်းကြားပေးမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါ တယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)ကို နံနက် ၁၀း ၁၅ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# ပထမပုံမှန်အစည်းအဝေး

# (စတုတ္ထနေ့)မှတ်တမ်း

# ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

# ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

# [ တနင်္လာနေ့ ]

# (ပထမပိုင်း)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီ အချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)သို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာဖြစ်ပါ၍ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

Shan State Hluttaw

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၉.၂၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၆.၄.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်မှာ

(၁) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၅)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ အရ အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ၂၀၂၆ ခုနှစ်၊ ဧပြီလ ၅ ရက် နေ့စွဲပါစာဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ ရွေးချယ်ထားသည့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၀ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၈ တို့အရ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူရမည်ဖြစ်၍ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ အဆိုပြုပေးပို့လာပါတယ်။

ပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံ

Shan State Hluttaw

ကြောင်းအထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဃ)တွင် ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များက လိုက်နာဆောင်ရွက်ရမှာဖြစ် ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်များအတွက် ကတိသစ္စာပြုချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်ဆိုတဲ့အချက်ကို သတိပြု ရမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၏ အမည်စာရင်းအား လွှတ်တော် သို့ အဆိုပြုတင်သွင်းလာပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ ကြေညာပါတယ်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းခံရသည့် ဦးစိုင်းထိန်စိုး၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းစာအုပ်မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် အဆိုပြုတင်ပြထားသည့် အမည်စာရင်းပါပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံပါက သက်သေအထင်အရှားပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်နိုင်ပါတယ်။

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမှာဖြစ်ပြီး ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများလည်း ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။

ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အမည်စာရင်းပါ ပုဂ္ဂိုလ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာမှာဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့်သက်သေအထောက်အထားများလည်း ပူးတွဲ၍ ယခု အစည်းအဝေးရပ်နားသည့်အခါ ၁၀ နာရီ ၊ မိနစ် ၄၀ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ကြေညာပါတယ်။ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး အစည်းအဝေးပြန်လည်စတင်တဲ့အခါမှာ အစီအစဉ်အတိုင်း ဆွေးနွေးပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

Shan State Hluttaw

## “ ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ ” သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ “ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)တွင် “နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်” ဟူ၍လည်းကောင်း၊ ပုဒ်မခွဲငယ်(၂)တွင် “တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်ဝန်ကြီးဦးရေကို လိုအပ်သလို သတ်မှတ်နိုင်သည်” ဟူ၍လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၈ တွင် “နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်” ဟူ၍လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၆ တွင် “ ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည် ” ဟူ၍လည်းကောင်း အသီးသီးပြဋ္ဌာန်းထားရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့နှင့်အညီ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန (၇)ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇)ဦးတို့အား အဆိုပြုပေးပို့လာပါကြောင်း တင်ပြအပ်ပါတယ်။

## “ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ” သတ်မှတ်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန(၇)ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ(၇)ဦးတို့ သတ်မှတ်နိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယခုအစည်းအဝေးရပ်နားသည့်အခါ ၁၀ နာရီ ၊ မိနစ် ၄၀ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အစည်းအဝေးပြန်လည်စတင်တဲ့အခါမှာ အစီအစဉ်အတိုင်း ဆွေးနွေးပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

Shan State Hluttaw

# “ ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ ” သတ်မှတ်နိုင်ရေးအတွက်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ “ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တွင် “တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးများဦးရေ အနည်းဆုံး သုံးဦးမှ အများဆုံး ခုနှစ်ဦးအထိ ခန့်အပ်နိုင် သည်” ဟူ၍လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၄၈ တွင် “နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ် ပေးရမည်” ဟူ၍လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၆ တွင် “ဥက္ကဋ္ဌ သည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော် သမ္မတထံတင်ပြရမည်” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)နှင့်အညီ ရှမ်းပြည်နယ် အတွက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ (၄)ဦးအား အဆိုပြုပေးပို့လာပါ ကြောင်း တင်ပြအပ်ပါတယ်။

Shan State Hluttaw

# “ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ” သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ

ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ(၄)ဦး သတ်မှတ်နိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယခု အစည်းအဝေး ရပ်နားသည့်အခါ ၁၀ နာရီ ၊ မိနစ် ၄၀ နောက်ဆုံးထား၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အစည်းအဝေးပြန်လည်စတင်တဲ့အခါမှာ အစီအစဉ်အတိုင်း ဆွေးနွေးပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၄၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁၁:၀၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

Shan State Hluttaw

**ရှမ်းပြည်နယ်**
**တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**ပထမပုံမှန်အစည်းအဝေး**
**(စတုတ္ထနေ့)မှတ်တမ်း**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**
**၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်**
**[ တနင်္လာနေ့ ]**
**(ဒုတိယပိုင်း)**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး အစီအစဉ် ပြန်လည်စတင်တော့မည်ဖြစ်ပါ၍ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေး ကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၆.၄.၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှာ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသူက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဦးစိုင်းထိန်စိုး အား ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)အရ အဆိုပါပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)တွင်

Shan State Hluttaw

သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူမရှိပါ။ ဒါကြောင့် ဦးစိုင်းထိန်စိုး အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့ထားသော ဦးစိုင်းထိန်စိုး အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါသလား ခင်ဗျား။**

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ် ခင်ဗျား။

## "ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ" သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ( ၆.၄.၂၀၂၆ )ရက်နေ့ နံနက်ပိုင်းတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့အရ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန (၇)ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇)ဦးတို့ သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်ကို လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။

Shan State Hluttaw

ပထမဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)က ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးရာမှာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၆ ပါ သတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးလို့ရပါပြီ။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်(၁)က ဦးအောင်ကျော်ညွန့်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးဌာနနဲ့ဝန်ကြီးဦးရေ(၇)ဦးသတ်မှတ်ချက်သည် အမှန်တကယ်ဆိုရင် သင့်လျော်လည်း သင့်လျော်တယ်။ အဲဒီသင့်လျော်တဲ့ နေရာဌာနတွေဟာ ဘယ်နေရာတွေလဲဆိုရင် ကယား၊ ချင်း တို့မှာလွှတ်တော်ကိုယ်စားလှယ်နည်းတဲ့ နေရာတွေမှာဆိုရင်တော့ လိုတောင်လိုနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့ ၄.၃.၂၀၂၆ မှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကနေပြီးတော့(၁၁/၂၀၂၆)နဲ့ ထုတ်ပြန်ထားတာရှိပါတယ်။ အဲဒီဟာကတော့ အပိုဒ်(၂)မှာဆိုရင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်လို့ ပုံ ဦးမင်းအောင်လှိုင် ဆိုပြီး စာထွက်ထားတာရှိပါတယ်။ အဲဒီအစားထိုးရမယ့်အပိုဒ်(ခ) လေးကို မှီပြီးတော့ ကျွန်တော်တို့ဟာ ဒီလွှတ်တော်မှာ ဝန်ကြီး (၇)ဦး၊ ဝန်ကြီးဌာန(၇)ခုထက် (၁၀)ခု တင်သင့်ကြောင်း၊ တင်နိုင်ကြောင်းကို အနည်းငယ်ရှင်းပြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲဒီအပိုဒ်(ခ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို အနည်းဆုံး(၅)ဦးမှ အများဆုံး (၁၀)ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သော ဝန်ကြီးအရေအတွက်တိုးခြင်းနှင့် လျှော့ခြင်းများပြုလုပ်နိုင်သည်။ ဝန်ကြီးများ သတ်မှတ်တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွက် ဝန်ကြီးတစ်ဦးစီကိုမြို့တော်ဝန်အဖြစ် တာဝန်ပေးအပ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်စည်ပင်ဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြို့တော်တွင် မြို့တော်ဝန်အဖြစ်လည်း ခန့်အပ်တာဝန်ပေးအပ်နိုင်သည်ဆိုပြီး ပြီးခဲ့သည့် ၃ လပိုင်းက အမိန့်ကြော်ငြာစာနဲ့ထုတ်ထားတာရှိပါတယ်။ ဒါသည်လည်း သင့်လျော်မှန်ကန်တဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး မြို့ကြီးတွေအတွက် အင်မတန်မှ သင့်လျော်တဲ့ ဥပဒေမှာအစားထိုးခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျွန်တော်သည် ၂၀၁၀-၂၀၁၅ က ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် တာဝန်

ထမ်းဆောင်စဉ်က တွေ့ကြုံရတဲ့ အတွေ့အကြုံနဲ့ပတ်သက်ပြီးတော့ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၅ရဲ့ ကာလနဲ့ အခု ၂၀၂၆-၂၀၃၀ ရဲ့ ကာလကို လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကျော်ဖြတ်ရမှာ ဖြစ်တဲ့အတွက် အင်မတန်မှ ကျွန်တော်တို့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေဟာ ကျွန်တော်တို့ အတွက် များမြောင်တာဖြစ်တဲ့အတွက် ပြည်ထောင်စုမှာ ဝန်ကြီးဌာနပေါင်း (၃၆)(၃၇) လောက်ရှိတာကို ကျွန်တော်တို့ လက်ထက်တုန်းက ပြည်နယ်မှာ (၉)ဦးနဲ့ ဌာနတစ်ခုကို လေးငါးခု တာဝန်ယူရတဲ့အချိန်မှာ အင်မတန်မှ တာဝန်ယူမှု၊ တာဝန်ခံမှုများပါတယ်။ အဲဒီ အချိန်တုန်းက တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ အခုအချိန်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်တရားလွှတ်တော် မဏ္ဍိုင်ကြီး (၃)ရပ်က တည်တည်ငြိမ်ငြိမ်နဲ့ မှန်ကန်စွာနဲ့ (၅)နှစ်တာလျှောက်လှမ်းဖို့ လပေါင်း (၆၀)၊ ရက်ပေါင်း (၁၈၀၀)လျှောက်လှမ်းဖို့အတွက် ကျွန်တော်တို့အားလုံးဟာ ဒီနေ့ ဒီချိန်က စပြီးတော့ ဌာနကြီး (၁၀)ခု၊ ဝန်ကြီး (၁၀)ဦးဖြင့် သတ်မှတ်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသီဟလှိုင်၊ သီပေါ မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)က ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးရာမှာ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၆ ပါ သတ်မှတ်ချက်များနှင့်အညီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးချိန် မိနစ်(၂၀)ရမှာ ဖြစ်ပါတယ်။

**ဦးသီဟလှိုင်၊ သီပေါမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသီဟလှိုင် ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ၏ အဆိုပြုချက်အရ ရှမ်းပြည်နယ်ဝန်ကြီးဌာန (၇)ခုနှင့် ပြည်နယ်ဝန်ကြီး (၇)ဦးတို့ သတ်မှတ် ထားခြင်းဟာ ရှမ်းပြည်နယ်အတွက် မလုံလောက်ပါဟု သုံးသပ်ရပါတယ်။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ဟာ အခြားတိုင်းဒေသကြီးများနှင့် မတူညီဘဲ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၅)ခု၊ မြို့နယ်ပေါင်း(၅၅)မြို့နယ် ပါဝင်ဖွဲ့စည်းထားတဲ့ အတွက် အင်မတန်မှ ကျယ်ဝန်းလှပါတယ်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ဥပဒေအမှတ် (၁၁/၂၀၂၆) ထုတ်ပြန်ချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို

Shan State Hluttaw

ပြင်ဆင်သည့်ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို (၅)ဦးမှ အများဆုံး (၁၀)ဦးအထိ သတ်မှတ်တာဝန်ပေးရမည်ဟု ပါရှိသောကြောင့် ယခုဖွဲ့စည်းမည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် အနည်းဆုံးဝန်ကြီးဌာန (၁၀)ခု၊ အနည်းဆုံးဝန်ကြီးဦးရေ (၁၀)ဦး တို့ဖြင့် ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** တင်ပြဆွေးနွေးပေးတဲ့ ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။ မနက်ဖြန်မှာပြုလုပ်မယ့် လွှတ်တော်အစည်းအဝေးမှာလည်း ဝန်ကြီးဌာနအမည်များကို တင်ပြမယ့် အစီအစဉ် ရှိပါတယ်။ ယခုကိစ္စနဲ့ပတ်သက်ပြီး ၉.၄.၂၀၂၆ ရက်နေ့ လွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးဆုံးဖြတ်သွားမှာဖြစ်ပါကြောင်း ကြေညာပါတယ်။

## "ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ" သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၆.၄.၂၀၂၆ ရက်နေ့ နံနက်ပိုင်းတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) အရ ရှမ်းပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးဦးရေ(၄)ဦး သတ်မှတ်နိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်ပြလာသူမရှိတဲ့အတွက် ပြည်နယ် တရားလွှတ်တော်တရားသူကြီးဦးရေသတ်မှတ်နိုင်ရေး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အတွက် ပြည်နယ် တရားလွှတ်တော်တရားသူကြီးဦးရေ(၄)ဦး သတ်မှတ်နိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါသလားခင်ဗျား။**

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

Shan State Hluttaw

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုသော ရှမ်းပြည်နယ်အတွက် ပြည်နယ် တရားလွှတ်တော်တရားသူကြီးဦးရေ (၄)ဦး သတ်မှတ်နိုင်ရေး လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက် (အင်္ဂါနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို နံနက် ၁၁း ၂၀ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပထမပုံမှန်အစည်းအဝေး
# (ပဉ္စမနေ့)မှတ်တမ်း
# ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
# ၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်
# [ အင်္ဂါနေ့ ]
# (နံနက်ပိုင်း)

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက်(၁၀း၃၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ ခင်ဗျား - လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၉၉.၂၄ ) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပဥ္စမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ် ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ( ပဉ္စမနေ့ ) ၇.၄.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ ကိုယ်စား လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁)ဦးရှိပြီး ယနေ့ ထပ်မံခွင့်ပန်ကြားသူမရှိသည့်အတွက် ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်း ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါ တယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက် ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

Shan State Hluttaw

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**"ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ" သတ်မှတ်နိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ၆.၄.၂၀၂၆ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် (၁၁/၂၀၂၆)ဖြင့် ထုတ်ပြန်ခဲ့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ရည်ညွှန်းကိုးကား၍ ရှမ်းပြည်နယ်သည် ဧရိယာကျယ်ဝန်းသည့် ပြည်နယ်တစ်ခု ဖြစ်သည့်အပြင် မြို့နယ်(၅၅)မြို့နယ်ရှိသဖြင့် ပြည်နယ်ဝန်ကြီးဌာန (၇)ခုအစား (၁၀)ခုဖြင့် လည်းကောင်း၊ ပြည်နယ်ဝန်ကြီးဦးရေ(၇)ဦးအစား (၁၀)ဦးဖြင့် လည်းကောင်း ပြင်ဆင်ဖွဲ့စည်း သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါတယ်။

အဆိုပါဆွေးနွေးချက်များအား တင်ပြသူလွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆန္ဒအရ ရှမ်းပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိသွားမှာ ဖြစ်ပါတယ်။ အစိုးရသစ်ဖွဲ့စည်းပြီး နောက် အခြေအနေ၊ အချိန်အခါအပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့် (၂)၊ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၇ တို့အရ ဝန်ကြီးဌာနများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြည်နယ်ဝန်ကြီးဦးရေကို တိုးခြင်း၊ လျှော့ခြင်းများ ဆောင်ရွက်နိုင်ရေး အဆိုတင်သွင်းဆောင်ရွက်သွားနိုင်ပါကြောင်း တင်ပြလိုပါတယ်။

အစည်းအဝေး (စတုတ္ထနေ့) ၆.၄.၂၀၂၆ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့်ပတ်သက်ပြီး ၉.၄.၂၀၂၆ ရက်နေ့မှာ ပြုလုပ်မည့်

Shan State Hluttaw

လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့တဲ့အစီအစဉ်ကို ယခု အစည်းအဝေးမှာပဲ ဆုံးဖြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန (၇)ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇)ဦး သတ်မှတ်နိုင်ရေး နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆို ပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုသော ရှမ်းပြည်နယ်အတွက် ပြည်နယ် ဝန်ကြီးဌာန(၇)ခုနှင့် ပြည်နယ်ဝန်ကြီးဦးရေ (၇)ဦးတို့ သတ်မှတ်နိုင်ရေး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အတည်ပြု ထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၆)နှင့် (၇)ကို တစ်ဆက်တည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းနှင့် ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဖတ်ကြားရှင်းလင်းပေးပါရန် ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအား ဖိတ်ခေါ်ပါတယ်။

Shan State Hluttaw

**ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဖြစ်ပါတယ်။

ယခု ရှမ်းပြည်နယ်လွှတ်တော်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏အတည်ပြုချက်ဖြင့် ပေးပို့လာသော ရှမ်းပြည်နယ်ဝန်ကြီးဌာန (၇)ခု၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပါ့မယ်။

အဆိုပါဝန်ကြီးဌာနများမှာ -

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(၂) စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) လူမှုရေးရာဝန်ကြီးဌာန

(၄) လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(၅) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

(၇) စည်ပင်သာယာရေးဝန်ကြီးဌာန တို့ဖြစ်ပါတယ်။

Shan State Hluttaw

## နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂(က)နှင့် (ခ)တို့အရသတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။

**ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရေးအတွက် အောက်ပါ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦး၏ အမည်စာရင်းနှင့် တာဝန်ယူဆောင်ရွက်ရမည့် ဝန်ကြီးဌာနများကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ၎င်းပုဂ္ဂိုလ်များမှာ-

| | |
|---|---|
| (၁) ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဒေါက်တာလဆိုင်း | စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) ဒေါ်နန်းခမ်းလူ | လူမှုရေးရာဝန်ကြီးဌာန |
| (၄) ဦးခွန်သန်းထူး | လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) ဦးလင်းအောင်ဆွေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၆) စိုင်းဝမ်းလှိုင်းတစ်ပ် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၇) ဦးခွန်ထွန်းဖြူ | စည်ပင်သာယာရေးဝန်ကြီးဌာန |

တို့ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းအား ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ ရှမ်းပြည်နယ် ဝန်ကြီးများအဖြစ် အဆိုပြုတင်ပြထားသည့် အမည်စာရင်းပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံပါက သက်သေအထင်အရှားပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်နိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၄ အရ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမှာဖြစ်ပြီး ယင်းအဆိုနှင့် အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်များလည်း ပူးတွဲ တင်ပြရမှာဖြစ်ပါတယ်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အမည်စာရင်းပါ ပုဂ္ဂိုလ်များအား ရှမ်းပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာမှာဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းနှင့် အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်း ပူးတွဲ၍ ဒီကနေ့ နေ့လယ် အစည်းအဝေးရပ်နားတဲ့အခါ (၁၂)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင် ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ကြေညာ ပါတယ်။

Shan State Hluttaw

# ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ အရ တင်ပြထားသော ပြည်နယ်ဥပဒေချုပ် အမည်စာရင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၇၁ အရ တင်ပြထားသော ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်းတို့အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(က)အရ ဥပဒေအကြံဉာဏ်များရယူရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးနိုင်ရန် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်လည်းကောင်း၊ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(က)အရ ပြည်နယ်၏ အရအသုံးငွေစာရင်းများကိုစစ်ဆေး၍ ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ(ဂ)၊ (ဃ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (ဂ)၊ (ဃ)တို့အရ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူရမည်ဖြစ်၍ အဆိုပါပုဂ္ဂိုလ်တို့၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ အဆိုပြုပေးပို့လာပါတယ်။

ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ် အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(ဂ) တို့တွင် ပြဋ္ဌာန်းထားရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များက လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ဦးစိုင်းကျော်ဇံနှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ထွေးရီ တို့အား ခန့်အပ်တာဝန်ပေးနိုင်ရန်အတွက် လွှတ်တော်သို့

Shan State Hluttaw

အဆိုပြုတင်သွင်းလာပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)အရ လွှတ်တော်သို့ ကြေညာပါတယ်။

## ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း တင်ပြထားခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဥပဒေချုပ်အဖြစ် အမည်စာရင်း တင်သွင်းခံရတဲ့ ဦးစိုင်းကျော်ဇံ နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်းတင်သွင်းခံရတဲ့ ဒေါ်ခင်ထွေးရီ တို့၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရန် ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)အရ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် အဆိုပြုတင်ပြထားသည့် အမည်စာရင်းပါပုဂ္ဂိုလ်တို့သည်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(က) တို့တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် မပြည့်စုံပါက သက်သေအထင်အရှားပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်နိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမှာဖြစ်ပြီး ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်း ပူးတွဲ တင်ပြရမှာဖြစ်ပါတယ်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အမည်စာရင်းပါပုဂ္ဂိုလ်အား ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာမှာဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ နေ့လယ် အစည်းအဝေးရပ်နားတဲ့အခါ (၁၂)နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ကြေညာပါတယ်။

Shan State Hluttaw

# နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈(ခ) (၁)အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရန် ပေးပို့လာသည့် အမည်စာရင်းအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူသည် ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူတို့နှင့် ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ အမည်စာရင်းကို ပြုစု၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၁ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၉ တို့အရ ပြည်နယ်လွှတ်တော်၏ သဘော တူညီချက်ရယူရမည်ဖြစ်၍ ယင်းပုဂ္ဂိုလ်အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ အဆိုပြု ပေးပို့လာပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂) အရ “ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၁၀ တွင် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင် ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် တို့နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့်မရှိစေရ” ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များက လိုက်နာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသောသူက ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသောသူတို့နှင့်ညှိနှိုင်းပြီး ရှမ်းပြည်နယ်တရားလွှတ်တော်

တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် ဦးသန်းဦးလွင်၏ အမည်စာရင်းအား လွှတ်တော်သို့ အဆိုပြုတင်သွင်းလာပါကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့ ကြေညာပါတယ်။

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းခံရတဲ့ ဦးသန်းဦးလွင်၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရန် ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ)အရ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် အဆိုပြုတင်ပြထားသည့် အမည်စာရင်းပါ ပုဂ္ဂိုလ် သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် မပြည့်စုံပါက သက်သေအထင်အရှားပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်နိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသော လွှတ်တော် ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမှာဖြစ်ပြီး ယင်းအဆိုနှင့် အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်း ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အမည်စာရင်းပါ ပုဂ္ဂိုလ်အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာမှာဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ နေ့လယ် အစည်းအဝေးရပ်နားတဲ့အခါ (၁၂)နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၀၈ (ခ)(၁) အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူသည် ပြည်ထောင်စု တရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရန် အမည်စာရင်းများကိုပြုစု၍ ၂၀၀၈ခုနှစ် ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၂ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (ခ)တို့အရ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရမည်ဖြစ်၍ ယင်းပုဂ္ဂိုလ်အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ အဆိုပြုပေးပို့လာပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)အရ "ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၁၀ တွင် ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့် မရှိစေရ" ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ က လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူက ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် (၁) ဒေါ်စန္ဒာအောင်၊ (၂)ဦးအောင်မော်နှင့် (၃)ဒေါ်သူဇာအောင် တို့၏ အမည်စာရင်းအား လွှတ်တော်သို့ အဆိုပြုတင်ပြလာပါကြောင်း ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (က)အရ လွှတ်တော်သို့ ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် အမည်စာရင်းတင်သွင်းခံရသည့် (၁) ဒေါ်စန္ဒာအောင်၊ (၂) ဦးအောင်မော်နှင့် (၃) ဒေါ်သူဇာအောင် တို့၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖတ်ရှုလေ့လာနိုင်ရန် ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် အဆိုပြုတင်ပြထားသည့် အမည်စာရင်းပါ ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ တွင် ပြဋ္ဌာန်းထားသော အရည်အချင်းများနှင့် မပြည့်စုံပါက သက်သေအထင်အရှားပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်နိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမှာဖြစ်ပြီး ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်း ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အမည်စာရင်းပါ ပုဂ္ဂိုလ်များအား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာမှာဖြစ်ပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ နေ့လယ်အစည်းအဝေးရပ်နားတဲ့အခါ (၁၂)နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့်အညီ ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို (၂ )နာရီ ရပ်နားပါမယ်။

Shan State Hluttaw

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ( ၂ )နာရီ ရပ်နားမှာ ဖြစ်ပါတယ်။ နေ့လယ်ပိုင်း အစည်းအဝေးကို နေ့လယ်( ၁ )နာရီ တိတိအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

Shan State Hluttaw

**ရှမ်းပြည်နယ်**

**တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

**(ပဉ္စမနေ့)မှတ်တမ်း**

**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်**

**[ အင်္ဂါနေ့ ]**

**(နေ့လယ်ပိုင်း)**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ( ပဉ္စမနေ့ ) ၇.၄.၂၀၂၆ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက ရှမ်းပြည်နယ်ဝန်ကြီးများအဖြစ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၇)ဦးအား ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ) အရ အဆိုပါပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၁၇၀ တို့တွင် သတ်မှတ်ထားသော သက်ဆိုင်ရာအရည်အချင်းများနှင့် မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူမရှိပါ။ ဒါကြောင့် အမည်စာရင်းပါ လွှတ်တော်ကိုယ်စားလှယ်( ၇ )ဦးအား ရှမ်းပြည်နယ်ဝန်ကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေး ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ် (၇)ဦးအား ရှမ်းပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြု ပေးပို့ထားသည့်-

(၁) ဗိုလ်မှူးကြီးစိန်ဝင်း

(၂) ဒေါက်တာလဆိုင်း

(၃) ဒေါ်နန်းခမ်းလူ

(၄) ဦးခွန်သန်းထူး

(၅) ဦးလင်းအောင်ဆွေ

(၆) စိုင်းဝမ်းလှိုင်းတစ်ပ်

(၇) ဦးခွန်ထွန်းဖြူ

တို့အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်ဝန်ကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမဦးစွာ ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ရှမ်းပြည်နယ် ဥပဒေချုပ်အဖြစ် ဦးစိုင်းကျော်ဇံ အား ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ အဆိုပါ ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆ တွင် သတ်မှတ်ထားသော အရည်အချင်းများ နှင့်မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူ မရှိပါ။ ဒါကြောင့် ဦးစိုင်းကျော်ဇံ အား ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့သော ဦးစိုင်းကျော်ဇံ အား ရှမ်းပြည်နယ် ဥပဒေချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါ သလားခင်ဗျား။**

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့သော ဦးစိုင်းကျော်ဇံ အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ်ခန့်အပ် တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဆက်လက်ပြီး ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်ထွေးရီ အား

ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ အဆိုပါပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(က)တွင်သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူမရှိပါ။ ဒါကြောင့် ဒေါ်ခင်ထွေးရီ အား ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့ထားသော ဒေါ်ခင်ထွေးရီ အား ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါသလား ခင်ဗျား။**

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့ထားသော ဒေါ်ခင်ထွေးရီ အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတက ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးသန်းဦးလွင် အား ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ အဆိုပါ ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူမရှိပါ။ ဒါကြောင့် ဦးသန်းဦးလွင် အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့ထားသော ဦးသန်းဦးလွင် အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါသလားခင်ဗျား။**

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြု ပေးပို့ထားသော ဦးသန်းဦးလွင် အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် (၁) ဒေါ်စန္ဒာအောင်၊ (၂) ဦးအောင်မော်၊ (၃) ဒေါ်သူဇာအောင် တို့အား ခန့်အပ်တာဝန်ပေးရန် အဆိုပြုပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)အရ အဆိုပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ရန် တင်ပြလာသူမရှိပါ။ ဒါကြောင့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

Shan State Hluttaw

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့သော (၁) ဒေါ်စန္ဒာအောင် ၊ (၂) ဦးအောင်မော် ၊ (၃) ဒေါ်သူဇာအောင် တို့အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက **သဘောတူပါသလား ခင်ဗျား။**

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့သော (၁) ဒေါ်စန္ဒာအောင်၊ (၂) ဦးအောင်မော် ၊ (၃) ဒေါ်သူဇာအောင် တို့အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၂ အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)ကို နေ့လယ် ၁၃း၁၀ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

## ရှမ်းပြည်နယ်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး

## (ဆဋ္ဌမနေ့)မှတ်တမ်း

## ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

## ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်

## [ ကြာသပတေးနေ့ ]

Shan State Hluttaw

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့)သို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာဖြစ်ပါ၍ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်း အဝေး (ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၉၉.၂၄ ) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ယနေ့ကျင်းပ ပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ၉.၄.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးရှိပြီး ယနေ့ ထပ်မံ ခွင့်ပန်ကြားသူမရှိသည့်အတွက် ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်း ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

Shan State Hluttaw

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုး ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဆ)(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)တို့ပါ ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ

Shan State Hluttaw

အဖြစ် အောက်ဖော်ပြပါ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်(၇)ဦးအား ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်ပါသဖြင့် လွှတ်တော်တွင် မှတ်တမ်းတင်နိုင်ရန်အတွက် တင်ပြအပ်ပါတယ်-

(၁) ဦးကိန်မိုင် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂) ဒေါ်အေးချိုစိန် ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၃) ဒေါ်ခင်ထွေးအောင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၄) ဦးဝီလ်ဆင်မိုး လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၅) ဒေါ်ငွေလှိုင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၆) ဦးထွန်းအောင် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၇) ဒေါ်တင်တင်ရီ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့ကို အမည်စာရင်း တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၄)နှင့်အညီ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် အောက်ပါ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော-

(၁) ဦးကိန်မိုင် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂) ဒေါ်အေးချိုစိန် ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၃) ဒေါ်ခင်ထွေးအောင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၄) ဦးဝီလ်ဆင်မိုး လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၅) ဒေါ်ငွေလှိုင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၆) ဦးထွန်းအောင် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၇) ဒေါ်တင်တင်ရီ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့အား ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

Shan State Hluttaw

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြနိုင်ရေး ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအား ဖိတ်ခေါ်ပါတယ်။

**ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူ ဦးစိုင်းထိန်စိုး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေ ပုဒ်မ ၁၇ အရ ရှမ်းပြည်နယ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အချိန်ပြည့်တာဝန်ယူဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအနက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အမည်စာရင်းများမှာ-

| | | | |
|---|---|---|---|
| (၁) | ခွန်ဖိုးစိန် | ပင်လောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ် (၁) | ဥက္ကဋ္ဌ |
| (၂) | ခွန်ကျော်အေး | ဆီဆိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၃) | ခွန်ညိုမောင် | ဟိုပုံးမြို့နယ်<br>ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (၄) | ဦးဒီဂေါလ် | ဟိုပုံးမြို့နယ်<br>ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |

Shan State Hluttaw

| | | | |
|---|---|---|---|
| (၅) | ဒုတိယဗိုလ်မှူးကြီး ညီညီတင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ပဲ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအနက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အမည်စာရင်းများမှာ-

| | | | |
|---|---|---|---|
| (၁) | ဦးအာကာလင်း | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ် (၁) | ဥက္ကဋ္ဌ |
| (၂) | ဦးဟိန်းထက်ဇော် | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၃) | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးအောင်ပြည့်စုံ | ရွာငံမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၅) | ဒုတိယဗိုလ်မှူးကြီး သန့်စင်နိုင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြလာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

Shan State Hluttaw

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက် (သောကြာနေ့)နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို နံနက် ၁၀း ၁၅ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# ပထမပုံမှန်အစည်းအဝေး

# (သတ္တမနေ့)မှတ်တမ်း

**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်**

**၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်**

**[ သောကြာနေ့ ]**

Shan State Hluttaw

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သောကြာနေ့) အစီအစဉ်ကို နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(သတ္တမနေ့)သို့ တက်ရောက်လာကြပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ် စတင်တော့မှာဖြစ်ပါ၍ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(သတ္တမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက် အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၉၉.၂၄ ) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Shan State Hluttaw

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့) ၁၀.၄.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးရှိပြီး ယနေ့ ထပ်မံခွင့်ပန်ကြားသူမရှိသည့်အတွက် ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၂)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

Shan State Hluttaw

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ၆.၄.၂၀၂၆ ရက်နေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထိန်စိုးအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ ကတိသစ္စာပြုခြင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးပါရန် ဖိတ်ခေါ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုအစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

"ကျွန်ုပ် ဦးစိုင်းထိန်စိုး သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသား များအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**(ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က မိမိနေရာသို့ ပြန်လည် ကြွရောက်ပြီး ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

**( ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ )**

## ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ၇.၄.၂၀၂၆ ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင်တို့အား ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရား လွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ ကတိသစ္စာပြုခြင်း ဆောင်ရွက်မှာ

Shan State Hluttaw

ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့်သူများက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမည့်သူများက ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုအစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

"ကျွန်ုပ် ------------------------ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။"

**(ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက မိမိနေရာသို့ ပြန်လည်ကြွရောက်ပြီး မိမိတို့ရဲ့ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

**( ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ )**

Shan State Hluttaw

## ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ၇.၄.၂၀၂၆ ရက်နေ့တွင် ဝန်ကြီးဌာန(၇)ခု၌ တာဝန်ပေးအပ်မည့် ပြည်နယ်ဝန်ကြီးများ အမည်စာရင်းကိုလည်းကောင်း၊ ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ၉.၄.၂၀၂၆ ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ တို့ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သော ပုဂ္ဂိုလ်များက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ ၊ ၆၁ တို့အရ ကတိသစ္စာပြုခြင်း ဆောင်ရွက်မှာဖြစ်တဲ့ အတွက် ကတိသစ္စာပြုမည့် ပုဂ္ဂိုလ်များဖြစ်သည့်-

(၁) ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး

(၃) ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး

(၄) ဦးခွန်သန်းထူး၊ လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

(၅) ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

(၆) ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး

(၇) ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများဖြစ်သည့်-

(၁) ဦးအာကာလင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ

(၂) ဦးခွန်ဖိုးစိန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ တို့ကို လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

Shan State Hluttaw

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမည့်ပုဂ္ဂိုလ်များက ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန်ဖြစ်ပြီး ယခုအစည်းအဝေးခန်းမ အတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

"ကျွန်ုပ် ----------------------- သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**(ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများက ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက မိမိနေရာသို့ ပြန်လည်ကြွရောက်ပြီး ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

**(ပြည်နယ်ဝန်ကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများက ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)**

Shan State Hluttaw

# ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ၉.၄.၂၀၂၆ ရက်နေ့တွင် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူများက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ ကတိသစ္စာပြုခြင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့်သူများဖြစ်သည့်-

(၁) ဦးကိန်မိုင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂) ဒေါ်အေးချိုစိန်၊ ကယန်း(ပဒေါင်) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၃) ဒေါ်ခင်ထွေးအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၄) ဦးဝီလ်ဆင်မိုး၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၅) ဒေါ်ငွေလှိုင်၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၆) ဦးထွန်းအောင်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၇) ဒေါ်တင်တင်ရီ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမည့်သူများက ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုအစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

"ကျွန်ုပ် ---------------- သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို

Shan State Hluttaw

ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။”

**( ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ကတိသစ္စာပြုပါသည်။ )**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက မိမိနေရာသို့ ပြန်လည်ကြွရောက်ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။

**( ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ )**

## ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ၇.၄.၂၀၂၆ ရက်နေ့တွင် ဦးစိုင်းကျော်ဇံအား ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ ကတိသစ္စာပြုခြင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့်သူက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမည့်သူက ကွက်လပ်နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုအစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

"ကျွန်ုပ် ဦးစိုင်းကျော်ဇံ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ အပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**( ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ်ဥပဒေချုပ်က ကတိသစ္စာပြု ပါသည်။ )**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်ဥပဒေချုပ်က မိမိနေရာသို့ ပြန်လည်ကြွရောက်ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

**( ပြည်နယ်ဥပဒေချုပ်က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ )**

## ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ၇.၄.၂၀၂၆ ရက်နေ့တွင် ဒေါ်ခင်ထွေးရီအား ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ် တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သောသူက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ ကတိသစ္စာပြုခြင်း ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့်သူက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမည့်သူက ကွက်လပ် နေရာ၌ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုအစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

Shan State Hluttaw

"ကျွန်ုပ် ဒေါ်ခင်ထွေးရီ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသား များအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**( ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်က ကတိသစ္စာ ပြုပါသည်။ )**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ယခု ကတိသစ္စာပြုပြီးတဲ့ ပြည်နယ်စာရင်းစစ်ချုပ်က မိမိနေရာသို့ ပြန်လည် ကြွရောက်ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။

**( ပြည်နယ်စာရင်းစစ်ချုပ်က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ )**

**ဥက္ကဋ္ဌ။** ကတိသစ္စာပြုပြီးတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များခင်ဗျား။ လက်မှတ် ရေးထိုးပြီးတဲ့ ကတိသစ္စာပြုလွှာများကို အစည်းအဝေးပြီးစီးချိန်တွင် ဝန်ထမ်းများက လာရောက်သိမ်းယူမှာဖြစ်တဲ့အတွက် မိမိနေရာ၌ ထားခဲ့ကြရန် ဖြစ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** မင်္ဂလာပါ ခင်ဗျား။ ယနေ့တတိယအကြိမ်၊ ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆထက်ထမ်းပိုး တိုးပြီး ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

Shan State Hluttaw

၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ စတင်ခဲ့တဲ့ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေးဟာ မကြာမီ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်အစည်းအဝေးကနေ ပြည်နယ်အဆင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင် ကဏ္ဍအသီးသီးမှာ တာဝန်ယူကြမဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို ရွေးချယ် တင်မြှောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတမှ ကျွန်တော့်ကို ပြည်နယ်ဝန်ကြီးချုပ် အဖြစ် အဆိုပြုပေးပို့လာမှုအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထောက်ခံအတည်ပြုပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါ ကြောင်းနှင့် ကျွန်တော့်ဘဝရဲ့ မှတ်တမ်းတစ်ခုအဖြစ် စွဲမြဲစွာ မှတ်သားထားရှိမည်ဖြစ်ပါ ကြောင်း လေးစားစွာတင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်ရဲ့ အဓိက ခက်မ ၃ ဖြာလို့ဆိုနိုင်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးအဖွဲ့အစည်းများကို ပြည်သူများက ယုံကြည်စွာ ရွေးကောက်တင်မြှောက်ထားပြီး ဖြစ်တဲ့အတွက် အပြန်အလှန် ထိန်းကျောင်းခြင်း၊ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း အစရှိတဲ့ နိုင်ငံ့အကျိုးစီးပွားကို ထမ်းရွက်သယ်ပိုးတဲ့ကိစ္စရပ်တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းစည်းလုံးလုံး မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွား ကိုလည်း အစဉ် ဖွံ့ဖြိုးတိုးတက်စေရေး ကျွန်တော်တို့အားလုံး မလွဲမသွေ ပေါင်းစပ်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပေါ်ထွက် လာတဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government) တစ်ရပ်ဖြစ်စေရေး ပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသော စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အဆင့်မီမြင့်မားရေး၊ မြို့ပေါ်နှင့် ကျေးလက်ဒေသ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပြီး ယင်းလုပ်ငန်း များပေါ်တွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီခြင်း၊ ပြည်သူလူထု၏ သဘောထားပါဝင်ခြင်း စသည့် အသွင်သဏ္ဍာန် အနှစ်သာရပြည့်ဝသော ရည်မှန်းချက်တာဝန်ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ရှိနေပြီဖြစ်တဲ့အပြင် အခြေခံဥပဒေကနေထွက်ပေါ်လာတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များဟာ အပြည့်အဝ သက်ဝင်လှုပ်ရှားပြီး ဖြစ်ပါတယ်။ ပြည်သူများမှလည်း ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခွင့်ရရှိကာ ကျွန်တော်တို့ကိုယုံကြည်စွာ တာဝန်ပေးအပ်ပြီးဖြစ်တဲ့အတွက် ပြည်သူများရဲ့ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ကျင့်သုံးရာမှာ ဥပဒေနှင့်အညီ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ကျင့်ဝတ်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို နည်းမှန်လမ်းမှန်ဖြင့် ပြည်ထောင်စုရဲ့ အကျိုးစီးပွား၊ လူမှုအဖွဲ့အစည်းများရဲ့ အကျိုးစီးပွားကို မထိခိုက်စေဘဲ ကူညီထိန်းကျောင်း ပေးသွားကြရမှာဖြစ်ပါတယ်။

ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်တစ်ခုအဖြစ် အားလုံးဝိုင်းဝန်း ကြိုးပမ်း တည်ဆောက်ရာမှာလည်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိမည် ဆိုသည့်အချက်ကို အလေးထားဖို့လိုအပ်ပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိပါက ဒေသတွင်းစီးပွားရေးကျဆင်းသွားတတ်သည်ကို ကျွန်တော်တို့ အားလုံးသတိပြုကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကိုလည်း NCA လမ်းကြောင်းအတိုင်း တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတံခါးမှတစ်ဆင့် ဒေသတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေးဟာလည်း မဖြစ်မနေလိုအပ်သလို ၎င်းကဏ္ဍမှာ အပိုင်းလိုက်ပါဝင်တဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့များ၊ တရားရေးမဏ္ဍိုင်များဟာ တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာအကောင်အထည်ဖော်ရာမှာ ကျောသားရင်သား မခွဲခြားဘဲ ပြုမူလုပ်ဆောင်ခြင်း၊ ကိုယ်တိုင်အားဖြင့်လည်း တရားဥပဒေကို စံနမူနာပြ စောင့်ထိန်းလိုက်နာခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါတယ်။ တရားရေးမဏ္ဍိုင်လည်း ဖြောင့်မတ်မှန်ကန်မယ်၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကလည်း ဥပဒေနှင့်အညီ ပြုမူကျင့်ကြံ လုပ်ကိုင်ကြမယ်ဆိုရင် အေးချမ်းလုံခြုံတဲ့ လူ့ဘောင်အသိုင်းအဝိုင်းကို တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍမှာ လျင်မြန်သွက်လက်ရေး၊ ထိရောက်ရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းပေးကြဖို့လည်း အလေးအနက်ထားတင်ပြလိုပါတယ်။

Shan State Hluttaw

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဧရိယာ အကျယ်ပြန့်ဆုံး တိုင်းရင်းသားမျိုးနွယ်အများဆုံး မီးတင်းနေထိုင်လျက်ရှိတဲ့ ပြည်နယ်ကြီး တစ်ခု ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုး တစ်မျိုးချင်းစီ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ လူနေမှုအဆင့်အတန်းမြင့်မားရေး အစရှိတဲ့ ကိစ္စရပ်များကို ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ ထိန်းကျောင်းမှုများနှင့်အတူ အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒေသနှင့်ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိတဲ့ စီမံခန့်ခွဲမှုများကိုလည်း စီစဉ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက် တွေကို အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အသစ်အနေဖြင့် အစီအမံများရေးဆွဲပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကနေ ထွက်ပေါ်လာတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ အားလုံးဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တာဝန်ယူရမယ့် ၅ နှစ် တာ စီမံကိန်းပါ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ဖို့အတွက် အရှိန်အဟုန်မြင့်မားစွာဖြင့် နိုင်ငံတော်၏ မူဝါဒ၊ အခြေခံကောင်းများနှင့်အညီ ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

တက်ရောက်လာသူများအားလုံး ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်တာဝန်များကို ကျရာကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်းအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃) ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ စတင်ပြီး ဧပြီလ ၁၀ ရက်နေ့အထိ အစည်းအဝေးရက်ပေါင်း (၇)ရက် တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေး ပထမနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ် တင်မြှောက်ခြင်းနှင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယနေ့မှာတော့ ပြည်ထောင်စုလွှတ်တော် နာယကထံမှ ပေးပို့လာတဲ့ သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြနိုင်ခဲ့ပြီး မှတ်တမ်းတင်ခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီ အသီးသီး၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များကို ဖတ်ကြားရှင်းလင်းပြီး ကော်မတီအဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး တတိယနေ့မှာ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

စတုတ္ထနေ့နှင့် ပဉ္စမနေ့များမှာတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့လာတဲ့ ဦးစိုင်းထိန်စိုး၊ ရပ်စောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း

ခံရသောသူ၏ အဆိုပြုချက်အရ ပြည်နယ်တရားလွှတ်တော် တရားသူကြီး(၄)ဦးကို လည်းကောင်း၊ ဝန်ကြီးဌာန(၇)ခုနှင့် ဝန်ကြီး(၇)ဦးကိုလည်းကောင်း လွှတ်တော်က အတည်ပြု ခဲ့ပါတယ်။

ဝန်ကြီးများခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့် ပြည့်စုံ သောပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ပေးအပ်ရာမှာ လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးစိန်ဝင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးအဖြစ် ဒေါက်တာလဆိုင်း၊ လူမှုရေးရာဝန်ကြီးအဖြစ် ဒေါ်နန်းခမ်းလူ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ဦးခွန်သန်းထူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ဦးလင်းအောင်ဆွေ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ စည်ပင်သာယာရေးဝန်ကြီး အဖြစ် ဦးခွန်ထွန်းဖြူတို့အား ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူပြီး အတည်ပြုချက်ရယူခဲ့ပါတယ်။

ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးစိုင်းကျော်ဇံအား လည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ် အဖြစ် ဒေါ်ခင်ထွေးရီ အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ဦးသန်းဦးလွင်အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ အဖြစ် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင်တို့အား လည်းကောင်း အမည်စာရင်းတင်သွင်း၍ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူ အတည်ပြုချက်ရယူခဲ့ ပါတယ်။

ဆဋ္ဌမနေ့မှာတော့ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက် ထားတဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးကိန်မိုင်အား ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ဒေါ်အေးချိုစိန်အား ကယန်း (ပဒေါင်) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ဒေါ်ခင်ထွေးအောင် အား ဗမာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးဝီလ်ဆင်မိုး အား လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ဒေါ်ငွေလှိုင်အား လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးထွန်းအောင်အား အာခါတိုင်းရင်းသားလူမျိုး ရေးရာ ဝန်ကြီးအဖြစ် လည်းကောင်း၊ ဒေါ်တင်တင်ရီအား အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် လည်းကောင်း ရှမ်းပြည်နယ်လွှတ်တော်သို့တင်ပြ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

Shan State Hluttaw

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအမည်စာရင်းကို လွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သတ္တမနေ့မှာတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူ ဦးစိုင်းထိန်စိုးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး(၇)ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်တရားသူကြီး(၃)ဦး၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(၇)ဦးတို့က ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူထံသို့ ရှမ်းပြည်နယ် လွှတ်တော်၏ ဆောင်ရွက်ချက်များကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ဖ၈ အရ သဝဏ်လွှာများအဖြစ် ပေးပို့နိုင်ခဲ့ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ မှ သတ္တမနေ့အထိ အစည်းအဝေးများ တက်ရောက်မှုအခြေအနေကိုလည်း မှတ်တမ်းတင်ခြင်း များ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို ပြည်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက်လည်း ရှမ်းပြည်နယ်လွှတ်တော် YouTube Channel, Shan State Hluttaw Website တို့ကနေလည်း သတင်းထုတ်ပြန်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်းမှာ လွှတ်တော်အစည်းအဝေးသို့ မီဒီယာ(၁၀)ခုတို့ကို သတင်းရယူစေခဲ့ပါတယ်။

လွှတ်တော်ဆိုတာ ပြည်သူကို ကိုယ်စားပြုရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ဆိုတာ ပြည်သူလူထုကို ကိုယ်စား ပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ရမယ့် အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ လုပ်ငန်းများကို သိရှိလေ့လာထားဖို့လည်း လိုအပ်

Shan State Hluttaw

ပါတယ်။ ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းတဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြောဆိုပြုမူဆောင်ရွက်ချက်တွေဟာ အပြန်အလှန်လေးစားမှုရှိဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီ စနစ်ဆိုတာ ပြည်သူက အုပ်ချုပ်တဲ့စနစ်ဖြစ်ပြီး နိုင်ငံသားများအားလုံးရဲ့ကိုယ်စား ရွေးချယ် တင်မြှောက်ထားသူတွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေရဲ့ လိုအပ် ချက်များကို တာဝန်လွှဲခံယူပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပြည်သူတွေ တွေ့ကြုံ ခံစားနေရတဲ့ အခက်အခဲတွေကို ပြည်သူနှင့် ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့်အတူ ဒီပြည်နယ်လွှတ်တော်ကြီးထဲကို ရောက်ရှိလာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးဟာ အခုဆိုရင် တစ်လှေထဲစီး တစ်ခရီးထဲသွားနေကြသူများ ဖြစ် သွားကြပါပြီ။ ဖြတ်သန်းလာတဲ့ နယ်ပယ်အသီးသီးဟာ မတူညီကြပေမယ့်လည်း နိုင်ငံတော် နှင့် နိုင်ငံသားများရဲ့အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေတွေကို ပြဋ္ဌာန်းမယ်၊ မေးခွန်းတွေ၊ အဆိုတွေ မေးမြန်းတင်သွင်းကြမယ်ဆိုတဲ့ ရည်မှန်းချက်ကတော့ တူညီကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အချင်းချင်းကြားမှာ ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများ ဆွေးနွေးရေးနှင့် ပတ်သက်ပြီး အမြင်မတူတာတွေ၊ သဘောထားကွဲလွဲတာတွေ ရှိနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့အကျိုးကို ရှေးရှုပြီး ညှိနှိုင်း ဆွေးနွေးအဖြေရှာ သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဟာ တိုင်းရင်းသားများကို ကိုယ်စားပြုထားတဲ့ လွှတ်တော်ဖြစ်တာနဲ့အညီ ပြည်ထောင်စု စိတ်ဓာတ်အရင်းခံနှင့် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒီကနေ့ပြီးရင် လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားတော့မှာ ဖြစ်ပါတယ်။ လွှတ်တော်ရပ်နားနေစဉ် ကာလအတွင်းမှာလည်း ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ရောက်ရှိရာနေရာဒေသတိုင်းမှာ ပြည်သူ့အသံကို နားထောင်ခြင်း၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို အလေးနက် ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးကြဖို့ တိုက်တွန်းပြောကြား လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်ရဲ့ အဓိကကျတဲ့ ဥပဒေပြုရေး မဏ္ဍိုင်မှာ ပါဝင်ဆောင်ရွက်နေကြသူတွေဖြစ်လို့ မိမိတို့ဆောင်ရွက်ကြရမယ့် လုပ်ငန်းတာဝန်၊

လုပ်ပိုင်ခွင့်တွေကို  တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ ကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေစွာ ဆောင်ရွက်နိုင်ဖို့ ဥပဒေရေးရာ ကိစ္စများကိုလည်း အားလပ်ချိန်တိုင်းမှာ လေ့လာထားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်မှာ ဒေသခံပြည်သူတွေ ပေးအပ်မယ့်တာဝန်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည်သူများရဲ့ အသံ၊ ပြည်သူ့များရဲ့ ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်တွေကို သိရှိပြီး လွှတ်တော်ကတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ လိုအပ်တဲ့ ဥပဒေကြမ်းများတင်သွင်းခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းပြီးသော ဥပဒေများကိုလည်း ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများရဲ့ ယုံကြည်အားကိုးမှုကို ရရှိအောင် ကြိုးစားအားထုတ်ကြစေလိုပါတယ်။ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီအောင်ပန်းကို ဆွတ်လှမ်းနိုင်ရန်အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် မိမိတို့သက်ဆိုင်ရာဒေသ အသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ ကျရောက်တော့မယ့် ၁၃၈၈ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယမှာလည်း ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းစွာနဲ့ ပြန်လည်ဆုံတွေ့ကြပါစို့လို့ ဆန္ဒပြုရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

Shan State Hluttaw

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့) အစီအစဉ်ပြီးစီးပါပြီ။ သို့ဖြစ်ပါ၍ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို နံနက် ၁၀း ၅၀ အချိန်တွင် ရပ်နားပါသည်။)**

Shan State Hluttaw

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်နေ့မှ တန်ခူးလပြည့်ကျော် ၉ ရက်နေ့ထိ

## (ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ချက်များ

**ပထမနေ့ (၂၀- ၃- ၂၀၂၆) သောကြာနေ့**

၁။ ၂၀၂၆ ခုနှစ်၊ မတ်လ (၂၀)ရက်၊ သောကြာနေ့တွင် ကျင်းပသည့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အား သဘာပတိအဖြစ်"**တင်မြှောက်သည်။

၂။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၃၂)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ဦးစိုင်းလုံကျော်၊ ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ်"** ရွေးကောက်တင်မြှောက်သည်။

၄။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)အား ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ်"** ရွေးကောက်တင်မြှောက်သည်။

၅။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ပြည်နယ် လွှတ်တော်သဘာပတိနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့၏ နှုတ်ခွန်းဆက်စကား"** ပြောကြားခြင်း ကို လွှတ်တော်က မှတ်တမ်းတင်သည်။

Shan State Hluttaw

**ဒုတိယနေ့ (၂၆- ၃- ၂၀၂၆) ကြာသပတေးနေ့**

၆။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၂၈)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

၇။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌထံသို့ **“ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့သော သဝဏ်လွှာ”** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

**တတိယနေ့ (၃၀- ၃- ၂၀၂၆) တနင်္လာနေ့**

၈။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိ၍ တက်ရောက်သူ (၁၃၂)ဦးရှိသဖြင့် ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၉။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၂၆.၃.၂၀၂၆ ရက်၌ လွှတ်တော်တွင် တင်ပြခဲ့သည့် **“ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ နှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ”** တို့အား အစည်းအဝေး (တတိယနေ့)တွင် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းကြောင်းဆုံးဖြတ်သည်။

**စတုတ္ထနေ့ (၆- ၄- ၂၀၂၆) တနင်္လာနေ့**

၁၀။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက် ရောက်သူ (၁၃၁)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင်သည်။

Shan State Hluttaw

၁၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ဦးစိုင်းထိန်စိုး၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်"** နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

၁၂။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေ(၄)ဦး သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသောသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

**ပဉ္စမနေ့ (၇- ၄- ၂၀၂၆) အင်္ဂါနေ့**

၁၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက် ရောက်သူ (၁၃၁)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၄။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့လာသည့် **"ပြည်နယ်ဝန်ကြီးဌာန အရေအတွက်(၇)ခု ပြည်နယ်ဝန်ကြီးဦးရေ(၇)ဦး သတ်မှတ်နိုင်ရေး"** အတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခဲ့ခြင်းနှင့်စပ်လျဉ်း၍ အစည်းအဝေး (ပဉ္စမနေ့)တွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

၁၅။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **"ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန(၇)ခု အမည်စာရင်း"** နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်သည်။

Shan State Hluttaw

၁၆။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **“ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာန(၇)ခုတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း”**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူက လွှတ်တော်သို့တင်ပြခဲ့ပြီး အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

၁၇။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့လာသည့် **“ပြည်နယ်ဥပဒေချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရန် ဦးစိုင်းကျော်ဖေ”**နှင့် **“ပြည်နယ်စာရင်းစစ်ချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရန် ဒေါ်ခင်ထွေးရီ**”တို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခဲ့ပြီး အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

၁၈။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **“ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့လာသည့် ဦးသန်းဦးလွင်”**၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခဲ့ပြီး အဆုံးအဖြတ် ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

၁၉။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ **“ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့လာသည့် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင်တို့”**၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခဲ့ပြီး အဆုံးအဖြတ်ရယူခဲ့ရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ် သည်။

Shan State Hluttaw

**ဆဋ္ဌမနေ့ (၉- ၄- ၂၀၂၆) ကြာသပတေးနေ့**

၂၀။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ ( ၁၃၁ )ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်း တင်သည်။

၂၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် **“တိုင်းရင်းသားလူမျိုးရေးရာလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်း”** ကို လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်သည်။

၂၂။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ၏ သဘောတူညီချက်ဖြင့် တင်ပြ ထားသော **“မနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်(၄)ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင် (၄)ဦး”** တို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပါသည်။

**သတ္တမနေ့ (၁၀- ၄- ၂၀၂၆) သောကြာနေ့**

၂၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ ( ၁၃၁ )ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်း တင် သည်။

၂၄။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ **“ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်း”** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

Shan State Hluttaw

၂၅။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြခြင်း”** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

Shan State Hluttaw